မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်၊ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၅)၊ အမှတ်(၁၄၃)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

မြန်မာနိုင်ငံနှင့် ချစ်ခင်ရင်းနှီးစွာ ဆက်ဆံရေးသည် တရုတ်နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒဖြစ် မြန်မာပြည်သူများအနေဖြင့် မိမိတို့၏ ကံကြမ္မာကို မိမိတို့ကိုယ်တိုင်ဖန်တီးနိုင်ရမည်

ပြည်ပအင်အားစုများက စီးပွားရေးပိတ်ဆို့ပြီး ဝင်ရောက်စွက်ဖက်မှုကို ပွင့်ပွင့်လင်းလင်းဆန့်ကျင်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်တောင်

မြန်မာနိုင်ငံအနေဖြင့် တရုတ်တစ်နိုင်ငံတည်းမူဝါဒကို အစဉ်တစိုက်ထောက်ခံလျက်ရှိ မိတ်ဆွေစစ်ဖြစ်သည့် တရုတ်နိုင်ငံက ကူညီစောင့်ရှောက်ရပ်တည်မှုများအတွက် ကျေးဇူးတင်

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်အား ဖေဖော်ဝါရီ ၁၅ ရက် ညနေ ၃း၁၅ နာရီတွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ Fujian ခန်းမသို့ သွားရောက်၍ ဂါရဝပြုတွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ကျော်ကျော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန

စာမျက်နှာ ၈ ကော်လံ ၁ ■

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်တောင်အား ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ Fujianခန်းမ၌ ဂါရဝပြု တွေ့ဆုံစဉ်။
(သတင်းစဉ်)

နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး ပိုမိုရှင်သန်ခိုင်မြဲစေမည့် ချစ်ကြည်ရေးခရီး

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် ၁၉၅၀ ပြည့်နှစ်က နှစ်နိုင်ငံသံတမန်အဆက်အသွယ် ပြုလုပ်ခဲ့ရာ ယခုအခါ (၅၆)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ (၅၆)နှစ်တာကာလအတွင်း မြန်မာနှင့်တရုတ် နှစ်နိုင်ငံတို့သည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးချက်ကို အခြေခံပြီး အတူတကွလက်တွဲကာ အိမ်နီးချင်းကောင်းပီသစွာ ဆက်ဆံလာခဲ့ကြသည်။ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တစ်နေ့တခြား တိုးတက်ခိုင်မာလာလျက်ရှိသည်။

နှစ်နိုင်ငံအကြား ခိုင်မြဲစွာ တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက် ခိုင်မာသည်ထက် ခိုင်မာစေရန်နှင့် နှစ်နိုင်ငံအကျိုးတူ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖြစ်ထွန်းလာစေရေးအတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဖေဖော်ဝါရီလ ၁၄ ရက်မှ ၁၈ ရက်အထိ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ဖေဖော်ဝါရီလ ၁၄ ရက်နေ့ ညနေပိုင်းက ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီး၏ မြောက်ဘက်ခန်းမကြီး၌ ကျင်းပသည်။ ထို့နောက် နှစ်နိုင်ငံဝန်ကြီးချုပ်နှစ်ဦးတို့သည် ပြည်သူ့ခန်းမဆောင်ကြီး၏ အရှေ့ဘက်ခန်းမကြီး၌ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် နှုတ်ဆက်စကားပြောကြားကြပြီးနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက ဆွေးနွေးရာ၌-

> **"နှစ်နိုင်ငံခေါင်းဆောင်ကြီးများ အမြော်အမြင်ကြီးစွာ ဖော်ဆောင်ခဲ့သည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို မိမိတို့မျိုးဆက်သစ်ခေါင်းဆောင်များကလည်း နက်နက်ရှိုင်းရှိုင်း ပိုမိုရှင်သန်ခိုင်မြဲ စေမှာဖြစ်ကြောင်း၊ မိမိတို့ အနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သိပ္ပံနှင့်နည်းပညာစသည့် ကဏ္ဍစုံတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် ဆန္ဒရှိပါကြောင်း"**

ပြောကြားခဲ့သည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်က ဆွေးနွေးရာတွင်-

> **"မိမိတို့နှစ်နိုင်ငံ ရှိရင်းစွဲချစ်ကြည်မှုနှင့် အိမ်နီးချင်းကောင်းပီသစွာ ဆက်ဆံမှုကို နှစ်နိုင်ငံလုံးက အလေးထားသဖြင့် ချစ်ကြည်မှုမှာ အစဉ်အမြဲ ဖွံ့ဖြိုးတိုးတက်လျက်ရှိနေပါကြောင်း၊ နှစ်နိုင်ငံအကျိုးစီးပွားကို အပြန်အလှန်စောင့်ရှောက်ကာ တစ်နိုင်ငံကိုတစ်နိုင်ငံက အမြဲတမ်းထောက်ခံခဲ့ကြကြောင်း"**

ပြန်လည်ဆွေးနွေး ပြောကြားခဲ့သည်။

နိုင်ငံတကာနယ်ပယ်တွင် မြန်မာနိုင်ငံ၏ အကျိုးစီးပွားနှင့် တိုက်ရိုက်သက်ဆိုင်သည့်ကိစ္စများ ပေါ်ပေါက်လာတိုင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံက မိတ်ဆွေစစ်၊မိတ်ဆွေကောင်းပီသစွာ မြန်မာနိုင်ငံဘက်မှ မားမားမတ်မတ် ရပ်တည်ပေးခဲ့သည်။

မြန်မာနိုင်ငံအပေါ် ဖိအားပေးမှုများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံက နားလည်စာနာမှုဖြင့် မြန်မာနိုင်ငံဘက်က ဆက်လက်ရပ်တည်ပေးသွားမည်ဟုလည်း မြန်မာနိုင်ငံက အပြည့်အဝယုံကြည်လျက်ရှိသည်။

မြန်မာနိုင်ငံကလည်း တရုတ်တစ်နိုင်ငံတည်းမူဝါဒကို အစဉ်တစိုက်ကျင့်သုံးလာခဲ့သကဲ့သို့ နောင်တွင်လည်း ဆက်လက်ကျင့်သုံးသွားမည်သာဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် မြန်မာနိုင်ငံအပေါ် နားလည်စာနာမှုဖြင့် အစစအရာရာ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

နှစ်နိုင်ငံရှည်လျားသည့် နယ်နိမိတ်ဖြင့် ထိစပ်နေသည့်တိုင် ဖြစ်ပေါ်လာသည့် အခက်အခဲများကို အောက်ခြေအဆင့်မှာပင် ညှိနှိုင်းအဖြေရှာဆောင်ရွက်နိုင်ခဲ့သည်။ အထူးသဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးနှင့် နိမ်နင်းရေးလုပ်ငန်းများတွင် အောင်မြင်စွာ လက်တွဲဆောင်ရွက်နိုင်ခဲ့ကြသည်။ နယ်စပ်ဖြတ်ကျော်ပုံမှန်ကုန်သွယ်မှု အပိုင်းတွင်လည်း များစွာတိုးတက်မှုရရှိနေသည်။ ဤအစဉ်အလာကောင်းများကို မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းကောင်းပီသစွာ ဆက်လက်စောင့်ထိန်းသွားမည်သာဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေး ခရီးစဉ်သည် နှစ်နိုင်ငံခေါင်းဆောင်ကြီးများ ဖော်ဆောင်ခဲ့သည့် မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမို ရှင်သန်ခိုင်မြဲစေမည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပညာရေးကောလိပ်လေ့ကျင့်ရေးကျောင်းမှ ကျောင်းသားကျောင်းသူများ ကိုယ်ပွားသတင်းစာတိုက် တောင်ကြီး၌လေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် တောင်ကြီးသို့ တောင်ကြီးပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးဒေါ်မေမကြည်၊ ဦးစီးကြီးကြပ်သူ ဆရာဆရာမများ လိုက်ပါလျက် စတုတ္ထတန်း ကျောင်းသားကျောင်းသူ ၉၀တို့သည် ကိုယ်ပွားသတင်းစာ ထုတ်ဝေမှု အဆင့်ဆင့်အား ယမန်နေ့နံနက် ၈နာရီက လာရောက်လေ့လာကြသည်။

လေ့လာရေးကျောင်းသားကျောင်းသူများအား စာတည်း ဦးနိုင်ထွန်းက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တောင်ကြီးဇုန်နယ်မှူး ဦးမြင့်ဦးက သတင်းစာဖိုင်များ ဖမ်းယူပုံအဆင့်ဆင့်အား လည်းကောင်း၊ စာတည်း ဦးနိုင်ထွန်းကဓာတ်ပုံခန်း၊ပုံနှိပ်စက်ခန်းနှင့်သတင်းစာထုတ်လုပ်ပုံ အဆင့်ဆင့်အားလည်းကောင်းရှင်းလင်းပြောကြားခဲ့ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လှိုင်မြို့နယ်က ကြီးမှူး ဖွင့်လှစ်သော နယ်လှည့် စာကြည့်တိုက်၊စာတိုက်ပြပွဲ၊ဟောပြောပွဲနှင့် နံရံကပ် စာစောင်ပြပွဲဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၄ရက်က အမှတ်(၂)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်နွဲ့နွဲ့ရီနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်စိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၂-၂၀၀၆
(တနင်္လာနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	ဦးခိုက်ဖူးမြော် ရွှေမော်ဓောစေတီတော်
၇:၂၅	မေးကြည့် ဖြေကြည့် ပဟေဠိ
၇:၄၅	Music Talk (ရွှေစားခိုးလူငွေ၊ သားစိုး၊ ဒီကျေ-ချေး၊ သတိုး)
၈:၂၅	တေးဂီတအစီအစဉ်
၈:၃၀	အုံမခန်း ပန်းပုလက်ရာ (ရွှေဥက်ကံတော်ကြီး)
၈:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၈:၄၀	တေးဂီတအစီအစဉ်
၈:၄၅	ကြည်နူးချမ်းမြေ့ ပျော်ပျော်ရွှင် အမျိုးသား ကန်တော်ကြီး ဥယျာဉ် (အပိုင်း-၁)
၉:၀၀	မိုးလေဝသခန့်မှန်းချက်
၉:၀၅	တေးဂီတအစီအစဉ်
၉:၁၀	ခမီရီးရာ ယဉ်ကျေးမှုအက
၉:၁၅	ရသစုံလင်ရုပ်မြင်သံကြား တေးဂီတအစီအစဉ်
၉:၂၅	တေးဂီတအစီအစဉ်
၉:၃၀	ပေါင်းမြက်များကို ထိရောက်စွာ ကာကွယ်နှိမ်နင်းနည်းများ
၁၀:၀၀	တေးဂီတအစီအစဉ်
၁၀:၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၀	မိကျောင်းမျိုးဆက် မပြုန်းတီးရေး ကာကွယ်စောင့်ရှောက်ပေး
၁၀:၂၀	တေးဂီတအစီအစဉ်
၁၀:၂၅	အဆင့်မီ ရော်ဘာ ဖူးဆက် မျိုးပင်ရရှိရေး
၁၀:၄၅	ပြည်တွင်း သတင်းအကျဉ်း
၁၀:၅၅	တေးဂီတအစီအစဉ်
၁၁:၀၀	Art & Technology Talk (ဦးမြင့်မောင်ကျော်နှင့် တွေ့ဆုံခြင်း)
၁၁:၄၀	တေးဂီတအစီအစဉ်
၁၁:၄၅	ထူးခြားသွင်ပြင် သတ္တုပန်းပုရုပ်သွင်
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

အလက(၃)ဒဂုံ ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်း ကျောင်းသားဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၂ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မိသားစုနန်းမတွင် ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ရပ်ဝေးရှိနေမကျောင်းသားဟောင်းများကိုယ်တိုင် (မိသားစုများပါ) မပျက်မကွက်ဆရာကန်တော့ညှိသိုတက်ရောက်ကြရန်နှင့် အလှူငွေများ ပါဝင်လှူဒါန်းကြရန် မြတ်ဆရာပူဇော်ပွဲကျင်းပရေးအဖွဲ့က နှိုးဆော်ထားသည်။ ဆက်သွယ်လှူဒါန်းလိုသူများသည် ဆရာမ ဒေါ်စန်းရီ ဖုန်း-၃၈၆၇၃၃ တိုက်၆၇၊၂၈လမ်း (အောက်)သို့ လည်းကောင်း၊ ဆရာမ ဒေါ်လှလှဝင်း အလက(၃) ဒဂုံသို့ လည်းကောင်း ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ဝ)

မြဝတီရုပ်မြင်သံကြား

၂၀-၂-၂၀၀၆
(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။	လက်ရွေးစင်ပြပုန်ကိုသဲ
၄:၂၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၂၅	၆။	မျိုးချစ်တပ်မတော်
၄:၄၀	၇။	ကြည်နူးဖွယ်ရာ တေးသရုပ်ဖော်
၅:၅၅	၈။	သာယာသီချင်း ခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	မိုးလေဝသသတင်း
၆:၂၅	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၃။	လျှပ်တစ်ပြက်
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်ထုံးရယ်မပြယ်" (အပိုင်း-၁၅)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။	မေးမြန်းစုံစမ်း
	၁၈။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၉။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တရားစီရင်ထုံး" (အပိုင်း-၁၂)

ရှည်လျားစွာတည်ရှိခဲ့သည့် တရုတ်-မြန်မာချစ်ကြည်ရေး ပိုမိုတွန်းအားပေးနိုင်မည်ဟု ယုံကြည်

လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် မြန်မာနိုင်ငံနှင့် ရှန်ရှီးပြည်နယ်တို့ ပူးပေါင်းဆောင်ရွက်လို

ရှန်ရှီးပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာကျောက်ကျန့်ယုံ

နှစ်နိုင်ငံခေါင်းဆောင်များ၏ဆန္ဒများကို အောင်မြင်အောင်ဖော်ဆောင်ရန် ဆုံးဖြတ်ထား

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ခေတ်မီနိုင်ငံတော်ဖြစ်ရေး တည်ဆောက်သွားမည်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ရှီးပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာကျောက်ကျန့်ယုံသည် ဖေဖော်ဝါရီ၁၆ရက် ညနေ ၆ နာရီ ၄၅မိနစ်တွင် ရှန်ရှီးပြည်နယ် ရှီအန်မြို့ရှိ Shangri-La Golden Flower Hotel ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ ဂါရဝပြုနှုတ်ဆက်သည်။

တက်ရောက်

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အတူနိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးနှင့်ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့်ဌာနအကြီးအကဲများတက်ရောက်ကြပြီး ရှန်ရှီးပြည်နယ် ဒုတိယ ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့်အတူ Farmers & WorKers' Democratic Party of Shaanxi Province Chairman Ms.Zhu Jingzhi နှင့်ပြည်နယ်မှတာဝန်ရှိပုဂ္ဂိုလ်များတက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ရှန်ရှီးပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာကျောက်ကျန့်ယုံက ဆွေးနွေးပြောကြားရာ၌ မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ရှန်ရှီးပြည်နယ်က လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ ရှည်လျားစွာတည်ရှိခဲ့သည့် တရုတ်-မြန်မာချစ်ကြည်ရေးကို ဤခရီးစဉ်က ပိုမိုတွန်းအားပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ယဉ်ကျေးမှုအမွေအနှစ်များ

ရှန်ရှီးပြည်နယ်သည် တရုတ်ပြည် သူ့သမ္မတနိုင်ငံ၏ အနောက်ပိုင်းတွင် တည်ရှိသည့် ပြည်နယ်ဖြစ်ကြောင်း၊ ရှန်ရှီးပြည်နယ်၌ တရုတ်မင်းဆက်အများစု နန်းတည်အုပ်ချုပ်ခဲ့ပြီး ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ကြွယ်ဝသည့် ပြည်နယ်ဖြစ်ကြောင်း။

၁၉၉၉ ခုနှစ်မှစ၍ နိုင်ငံတော်ဗဟိုအစိုးရက အနောက်ပိုင်းဒေသဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ ချမှတ်ကျင့်သုံးခဲ့ပြီးနောက် ရှန်ရှီးပြည်နယ်သည် ဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်း၊ မိမိတို့ကလည်း ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးနှစ်စီမံကိန်း ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

အဆင့်မြင့်နည်းပညာ

ရှန်ရှီးပြည်နယ်သည် ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးစသည့် သဘာဝသယံဇာတများ ပေါကြွယ်ဝပါကြောင်း၊ အချောထည်ပစ္စည်းများ ထုတ်လုပ်လျက်ရှိသကဲ့သို့ စက်မှုကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍများတွင်လည်း အဆင့်မြင့်နည်းပညာများဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ခရီးသွားလုပ်ငန်းလည်း အထူးဖွံ့ဖြိုးတိုးတက်လာကြောင်း၊ နှစ်စဉ်နိုင်ငံခြား ခရီးသွားတစ်သန်းကျော်နှင့် ပြည်တွင်းခရီးသွား ၄၆ သန်းကျော် လာရောက်ကြောင်း။

လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် မြန်မာနိုင်ငံနှင့် ရှန်ရှီးပြည်နယ်တို့ ပူးပေါင်းဆောင်ရွက်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက်နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးရာ၌ သာယာလှပသည့် ရှန်ရှီးပြည်နယ်သည် ကဏ္ဍအတော်များများတွင် ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး ခရီးသွားကဏ္ဍတွင် ပိုမိုတိုးတက်နေသည်ဟု သိရှိရ၍ ဝမ်းသာကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ရှီးပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာကျောက်ကျန့်ယုံက ရှန်ရှီးပြည်နယ် ရှီအန်မြို့ရှိ Shangri-La Golden Flower Hotel ဧည့်ခန်းမ၌တွေ့ဆုံ ဂါရဝပြုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ဂုဏ်ယူ

ရှေးဘုရင်များ နန်းစိုက်ခဲ့သည့်ဒေသဖြစ်သဖြင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကြွယ်ဝသည့် ပြည်နယ်လည်းဖြစ်ကြောင်း၊ ထို့ပြင်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို စနစ်တကျထိန်းသိမ်းထားနိုင်သည်ကို မိမိတို့တွေ့ရှိခဲ့ရကြောင်း၊ ဤပြည်နယ်သို့ရောက်ရှိရခြင်းအတွက် ဂုဏ်ယူပါကြောင်း။

မြန်မာ-တရုတ် နှစ်နိုင်ငံပြည်သူများသည် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးဖြင့် နှစ်ကြာရှည်စွာ နေထိုင်ခဲ့ကြသူများဖြစ်သဖြင့် နှစ်နိုင်ငံဆက်ဆံရေးမှာ နှစ်ကာလကြာသည်နှင့်အမျှ ပိုမိုခိုင်မြဲလျက်ရှိကြောင်း၊ ယနေ့အချိန်တွင် နှစ်နိုင်ငံအနေဖြင့် စီးပွားရေးကဏ္ဍများ၌ပါ ပိုမိုပူးပေါင်းဆောင်ရွက်မှုများပြုလျက်ရှိကြောင်း။

တိုးမြှင့်ပူးပေါင်းဆောင်ရွက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ခေါင်းဆောင်များက နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးတက်ခိုင်မြဲလိုသကဲ့သို့ စီးပွားရေးကဏ္ဍတွင် တိုးမြှင့်ဆောင်ရွက်လိုသည့် ဆန္ဒများရှိသည်ကိုတွေ့ရကြောင်း၊ အလားတူ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တာဝန်ရှိသူများကလည်း တရုတ်နိုင်ငံနှင့် စီးပွားရေး ပူးပေါင်းတိုးမြှင့်ဆောင်ရွက်ရန် ဆန္ဒရှိကြကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁

သတင်းပြန်ကြားရေးနှင့်နည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် တရုတ်ဝန်ကြီးချုပ်ဝမ်ကြားပေါင် တိုက်တွန်း

ပေကျင်း ဖေဖော်ဝါရီ ၁၉

တရုတ်နိုင်ငံ၏ သတင်းပြန်ကြားရေးနှင့် နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြင့် လုပ်ဆောင်ကြရန်နှင့် နိုင်ငံ၏ အိုင်တီနည်းပညာများ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေး ကြိုးစားဆောင်ရွက်ကြရန် တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင် မကြာမီက တိုက်တွန်း ပြောကြားလိုက်သည်။

တရုတ်နိုင်ငံတွင် လူငယ်လူရွယ်များကို အိုင်တီကဏ္ဍတွင် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာအောင် စည်းရုံး ဆောင်ရွက်သွားရမည်ဖြစ်ပြီး နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် မောင်းနှင်အားတစ်ရပ် ဖြစ်လာစေရန်လည်း စွမ်းဆောင်သွားရမည်ဖြစ်ကြောင်း မစ္စတာဝမ်ကြားပေါင်က ဆက်လက်ပြောကြားသည်။

တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်။

တရုတ်နိုင်ငံသည် အိုင်တီနည်း ပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် ၂၀၀၅ ခုနှစ်က တရုတ်နိုင်ငံ၏ အဓိကအဆင့်မြင့် နည်းပညာသုံးကုမ္ပဏီများ တိုးတက်လာအောင် ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ပြည်ပသို့ နည်းပညာကဏ္ဍမှ ထုတ်ကုန်များတင်ပို့မှု အမေရိကန် ဒေါ်လာ သန်း ၆၂၀ခန့် ရရှိခဲ့သည်။

ထိုသို့ ရရှိခဲ့သည့် ပမာဏသည် ၂၀၀၄ ခုနှစ်ကထက် ၇၀ရာခိုင်နှုန်း တိုးမြင့်ရရှိခဲ့ခြင်း ဖြစ်သည်ဟု တရုတ် ကုန်သွယ်ရေးဝန်ကြီးဌာနမှ ကိန်းဂဏန်းများ၌ ဖော်ပြသည်။

ထို့အတူ အဆင့်မြင့် နည်းပညာသုံးပစ္စည်းများ တင်သွင်းမှုမှာလည်း ၂၀၀၄ခုနှစ်က အမေရိကန်ဒေါ်လာ သန်း ၅၀ကျော်မှ ၂၀၀၅ခုနှစ် အမေရိကန်ဒေါ်လာ သန်း ၄၄၀ဖိုးခန့် တင်သွင်းခဲ့ကြောင်း သိရသည်။

တရုတ်အစိုးရက နိုင်ငံ၏ နည်းပညာ တိုးတက်မှုအတွက် တရုတ် နိုင်ငံ၏အဆင့်မြင့် နည်းပညာသုံး ကုမ္ပဏီများကို လုပ်ပိုင်ခွင့် လွတ်လွတ် လပ်လပ် ဆောင်ရွက်နိုင်ရန် ခွင့်ပြုပေးခဲ့ရာ ယှဉ်ပြိုင်မှုအားကောင်းပြီး ဖွံ့ဖြိုးတိုးတက်မှု ပိုမိုမြင့်မားလာခဲ့သည်။

တရုတ်နိုင်ငံ၏ နည်းပညာ ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း၌ နည်းပညာကဏ္ဍ ကျယ်ပြန့်အောင် ဆောင်ရွက်ရာတွင်လည်းကောင်း ပြည်ပသို့ အဆင့်မြင့် နည်းပညာ ထုတ်ကုန်ပစ္စည်းများ တင်ပို့ရာ၌ လည်းကောင်း တရုတ်နိုင်ငံ၏ ဟွာဝေကုမ္ပဏီ၊ တီစီအယ်ကုမ္ပဏီနှင့် ဘတ်ကုမ္ပဏီတို့က အများဆုံး ဆောင်ရွက်နိုင်ခဲ့သည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ ကွီကျို့ပြည်နယ်၌ ကျင်းပသော ရိုးရာဓလေ့ပွဲတော်တွင် ပါဝင်ဆင်နွှဲနေသော ကလေးငယ်တစ်ဦးကို ဖေဖော်ဝါရီ ၁၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဂျပန်စီးပွားရေးဖွံ့ဖြိုးတိုးတက်ခဲ့

တိုကျို ဖေဖော်ဝါရီ ၁၉

ဂျပန်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုသည် စတုတ္ထမြောက် သုံးလတွင် နှစ်အလိုက် ၅ဒသမ၅ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ဂျပန်အစိုးရတာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၇ရက်၌ ပြောကြားသည်။

စီးပွားရေး တိုးတက်လာခြင်းသည် ပြည်ပပို့ကုန်နှင့် ကျန်းမာရေးတွင် သုံးစွဲမှုများ တိုးပွားများပြားလာခြင်းကြောင့်ဖြစ်သည်။ အောက်တိုဘာနှင့် ဒီဇင်ဘာအတွင်း တိုးတက်မှုသည် ယခင်သုံးလနှင့် နှိုင်းယှဉ်လျှင် စီးပွားရေးတိုးတက်မှု ၁ဒသမ၄ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ တစ်နှစ်လုံးအတွက် ယခုနှုန်းထားအား ထိန်းထားနိုင်လျှင် ဂျပန်နိုင်ငံ၏ နှစ်စဉ်ပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး စုစုပေါင်းသည် ၅ဒသမ ၅ရာခိုင်နှုန်း တိုးတက်လာမည်ဖြစ်ကြောင်း ဝန်ကြီးများရုံးမှ ပြောကြားသည်။

နေ့ကွေး

ယခုနှုန်းထားသည် လေ့လာဆန်းစစ် ကြိုတင်ခန့်မှန်းထားသည်ထက် ပိုမိုကောင်းမွန်ခဲ့သည်။ ၁၀စုနှစ်တစ်စုထက်ပို၍ စီးပွားရေးနေ့ကွေးမှုသို့မဟုတ် သုညကိန်းဂဏန်းလောက်သာ ဖွံ့ဖြိုးမှုကို ခံစားခဲ့ရသော ကမ္ဘာ့ဒုတိယအကြီးမားဆုံး စီးပွားရေးဈေးကွက်အတွက် ယခု တိုးတက်မှုသည် ကောင်းသတင်းများ ဖြစ်ခဲ့သည်။

ဖြည့်စွက်

အဓိက ကုမ္ပဏီကြီးများသည် မကြာသေးမီ လများအတွင်းက ကြီးမားသော ကုန်ကျစရိတ်များကို လျှော့ချပြီး အကျိုးအမြတ်နှင့် ငွေလုံးငွေရင်းများကို ထပ်မံဖြည့်စွက်၍ လုပ်ဆောင်ခဲ့ကြခြင်းကြောင့် ဖြစ်သည်။

ပိုမိုမြင့်တင်

အထူးသဖြင့် ကားထုတ်လုပ်ရေးတွင် ငွေလုံးငွေရင်းများ ပိုမိုရင်းနှီးမြှုပ်နှံပြီး ပြည်ပသို့ ပိုမိုတင်ပို့ခဲ့ခြင်းကြောင့် စတုတ္ထမြောက် သုံးလတွင် ဖွံ့ဖြိုးတိုးတက်လာခြင်းဖြစ်ကြောင်း ဝန်ကြီးများရုံးမှ ဟီဒါက သတင်းထောက်များအား ပြောကြားသည်။ **(အင်တာနက်)**

ကယ်လ်ဆီယမ်နှင့် ဗီတာမင်ဒီ ပါဝင်သောဆေးဝါးများ အမျိုးသမီးကြီးများအား အရိုးရောဂါ ကာကွယ်ပေးနိုင်

ဝါရှင်တန် ဖေဖော်ဝါရီ ၁၉

အသက်ကြီး အမျိုးသမီးများသည် ကယ်လ်ဆီယမ်နှင့် ဗီတာမင်ဒီပါသော ဆေးဝါးများကို သင့်တင့်လျောက်ပတ်စွာ သုံးစွဲလျှင် အရိုးအဆစ်တို့ကို ကာကွယ်မှုပေးနိုင်ကြောင်း ဖေဖော်ဝါရီ ၁၆ ရက်ထုတ် နယူးအင်္ဂလန်ဆေးဂျာနယ်တွင် ဖော်ပြထားသည်။

စူးစမ်းလေ့လာ

သားသမီးမွေးဖွားချိန်ကျော်လွန်နေသော အမျိုးသမီးသုံးသောင်းကျော်ပါဝင်သည့် ခုနစ်နှစ်ကျော်စူးစမ်းလေ့လာမှုတစ်ခုတွင် ပါဝင်ဆောင်ရွက်သော အရိုးဝေဒနာရှင်တစ်ဦးကို မီလီဂရမ် ၁၀၀၀ပါဝင်သော ကယ်လ်ဆီယမ်နှင့် ယူနစ် ၄၀၀ရှိ ဗီတာမင်ဒီ သို့မဟုတ် ၎င်းနှင့်ကိုက်ညီသော အကျိုးအာနိသင်မရှိသည့် ဆေးတို့ကို နေ့စဉ်သုံးစွဲရမည်ဟု ဆိုသည်။

ကယ်လ်ဆီယမ်နှင့် ဗီတာမင်ဒီသုံးစွဲမှု၏ အကျိုးကျေးဇူးကြောင့် အသက် ၆၀ကျော်အထက် အမျိုးသမီးများ၏ တင်ပါးဆုံရိုး ချို့ယွင်းမှုကို ၂၁ ရာခိုင်နှုန်းအထိ လျော့ပါးသက်သာသွားစေသည်။

ဆေးဘက်ဆိုင်ရာ သုတေသီများ၏ စုံစမ်းတွေ့ရှိချက်အရ ကယ်လ်ဆီယမ်နှင့် ဗီတာမင်ဒီကို လျော်ကန်သင့်မြတ်စွာ သုံးစွဲပါက အရိုးဆိုင်ရာ ဝေဒနာများကို အပြည့်အဝကာကွယ်ပေးနိုင်ကြောင်း သိရသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ကမ္ဘာတစ်ပတ်ရက်၈၀ကားပြိုင်ပွဲကျင်းပမည်

လန်ဒန် ဖေဖော်ဝါရီ ၁၉

၂၀၀၈ ခုနှစ်တွင် ကမ္ဘာတစ်ပတ် ရက် ၈၀ ကားပြိုင်ပွဲကျင်းပမည်ဖြစ်ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။



ကားပြိုင်ပွဲ၌ နည်းပညာသုံးကားများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပြုပြင်ထားသော လောင်စာဆီနည်းပညာသုံး ကားပြိုင်ပွဲဝင်အသင်း ၂၀ သည် ၂၀၀၈ ခုနှစ်တွင် ကျင်းပမည့် ကမ္ဘာတစ်ပတ် ရက်၈၀ ကားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း၊ ယင်းတို့သည် ခရီးမိုင်ပေါင်း ၂၂၀၀၀ ကျော်ခရီးကို မောင်းနှင်ပြိုင်ပွဲဝင်ကြမည်ဖြစ်ကြောင်း ၎င်းတို့သည် ထိပ်တန်းကားပြိုင်ပွဲဝင်အသင်း ၂၀နှင့် ဆက်သွယ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

ယင်းကားပြိုင်ပွဲကို မဟာကားပြိုင်ပွဲ(၂၀၀၈)ဟု အမည်ပေးထားပြီး နယူးယောက်မြို့မှ ခရီးစတင်ထွက်ခွာပြီး ပါရီမြို့၌ ခရီးအဆုံးသတ်မည်ဖြစ်ကြောင်း သိရသည်။

၎င်းကားပြိုင်ပွဲကြီးသည် နှစ်ပေါင်း ၁၀၀ကြာမှတစ်ကြိမ် ကျင်းပခြင်းဖြစ်သည်။

၁၉၀၈ ခုနှစ်က ကျင်းပခဲ့သော ကားပြိုင်ပွဲ၌ ထိုခေတ်က နောက်ဆုံးပေါ် အင်ဂျင်တပ်ကားများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

မဟာကားပြိုင်ပွဲ၂၀၀၈တွင်လည်း အလားတူနောက်ဆုံးပေါ် နည်းပညာသုံးကားများ ပါဝင်ယှဉ်ပြိုင် သွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲကျင်းပရေးအဖွဲ့က ကားထုတ်လုပ်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအား ကားပြိုင်ပွဲတွင် လောင်စာဆီ နည်းပညာသုံးကားများဖြင့် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။ **(အင်တာနက်)**

ဂွမ်တာနာမိုအကျဉ်းစခန်းပိတ်သင့်ဟုဆို

လန်ဒန် ဖေဖော်ဝါရီ ၁၉

ဂွမ်တာနာမိုအကျဉ်းစခန်းကို ပိတ်ပစ်ရန် ဗြိတိသျှဝန်ကြီးအဖွဲ့ဝင် တစ်ဦးက အမေရိကန်ပြည်ထောင်စုသို့ တိုက်တွန်းလိုက်ကြောင်း ဆင်ဟွာက ဖော်ပြသည်။

အဆိုပါ ဂွမ်တာနာမို အကျဉ်းစခန်းကို ပိတ်ပစ်သင့်ပြီဖြစ်ကြောင်း ဝေလနှင့် မြောက်အိုင်ယာလန်ဆိုင်ရာ ဝန်ကြီး ပီတာဟိန်းက ဖေဖော်ဝါရီ ၁၆ ရက်ညက ရုပ်မြင်သံကြား တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားသည်။

ဂွမ်တာနာမို အကျဉ်းသားများထံမှ သတင်းအချို့ရယူခဲ့ကြောင်း၊ ယင်းအကျဉ်းစခန်းရှိနေခြင်းကို ဗြိတိန်အစိုးရက ဆောင်ရွက်နိုင်မည် မဟုတ်ကြောင်း၊ ဗြိတိန်မူဝါဒအရဆိုလျှင် ၎င်းအကျဉ်းစခန်း ပိတ်ပစ်သင့်ပြီဖြစ်ကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။

အထက်ကအဆိုကို ကြိုဆိုထောက်ခံကြောင်း၊ ယင်းအကျဉ်းစခန်းကို ဆက်ထားရန် အမေရိကန်တို့၏ ကိုယ်ပိုင် အရင်းအနှီးများမရှိကြောင်း ဘလဲ၏ လေဘာပါတီအဖွဲ့ဝင် ဂါပက်စ်က ပြောကြားသည်။

အမေရိကန်တို့သည် ယင်းအကျဉ်းစခန်းကို ၂၀၀၁ ခုနှစ်က ဖွင့်လှစ်ထားခဲ့ပြီး လူ၄၉၀ ဖမ်းဆီးထားခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

နိုင်ငံတကာ သတင်းများ

ဗင်နီဇွဲလားအစိုးရအား မငြိမ်မသက်ဖြစ်အောင် ကန့်ကြိုးပမ်းလျှင် အမေရိကန်သို့ တင်ပို့နေသောရေနံ ဖြတ်တောက်ပစ်မည်ဟု ချာဗက်ဇ်သတိပေး

ကာရာကာ့ဒ်(ဗင်နီဇွဲလား) ဖေဖော်ဝါရီ ၁၉

ဝါရှင်တန်က ဗင်နီဇွဲလား လက်ဝဲအစိုးရကို မငြိမ်မသက်ဖြစ်အောင် ကြိုးပမ်းလာလျှင် အမေရိကန်ပြည်ထောင်စုသို့ ရေနံတင်ပို့မှုဖြတ်တောက်ပစ်မည်ဖြစ်ကြောင်း ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က ဖေဖော်ဝါရီ ၁၇ရက်၌ သတိပေးပြောကြားလိုက်သည်ကို ရာဟူးဝက်ဘ်ဆိုက်က ထုတ်လွှင့်ခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံသမ္မတ ဟူဂိုချာဗက်ဇ်။

ခြိမ်းခြောက်

ဗင်နီဇွဲလားအစိုးရသည် ကျူးဘားနှင့်ပူးပေါင်းကာ ဒေသတွင်း၌ အကြီးဆုံး ပြဿနာများအနက် တစ်ခုကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်က တင်ပြခဲ့ပြီးနောက်တစ်ရက်အကြာ ချာဗက်ဇ်က အထက်ပါအတိုင်း ခြိမ်းခြောက် ပြောဆိုလိုက်ခြင်းဖြစ်သည်။

ပြောကြား

အမေရိကန်အစိုးရအနေဖြင့် အထက်ပါ မူဘောင်စည်းမျဉ်းအရ ကျော်လွန်လာလျှင် ဗင်နီဇွဲလား ရေနံကိုရလိမ့်မည်မဟုတ်ကြောင်း ချာဗက်ဇ်က ပြောကြားသည်။

မိမိအနေဖြင့် ယင်းကိစ္စနှင့်ပတ်သက်ပြီး အစီအမံများချမှတ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ယင်းတို့အနေဖြင့်ရေနံများဖြတ်တောက်မည့် အစီအမံများ ချမှတ်လုပ်ဆောင်လိမ့်မည်ဟု ထင်မှတ်မည် မဟုတ်ကြောင်း ချာဗက်ဇ်ကထပ်လောင်း ပြောကြားသည်။

ရောင်းချနေ

ဗင်နီဇွဲလားနိုင်ငံသည် ကမ္ဘာ့ ရေနံပဉ္စမအများဆုံး တင်ပို့ရောင်းချနေသော နိုင်ငံဖြစ်သည်။ အမေရိကန်ပြည်ထောင်စုသို့ နေ့စဉ် ရေနံစည်ပေါင်း ၁ ဒသမ၅သန်း တင်ပို့ ရောင်းချနေသည်။

အခြေအနေတင်းမာ

ချာဗက်ဇ်နှင့် အမေရိကန်သမ္မတဘုရှ်တို့၏ ဆက်ဆံရေးသည် ဝါရှင်တန်က ဗင်နီဇွဲလားသံတမန်အား သူလျှိုလုပ်သည်ဆိုမှုဖြင့် နှင်ထုတ်ခဲ့ပြီးနောက် အခြေအနေတင်းမာလာခဲ့သည်။

(အင်တာနက်)

အထူးစီးပွားရေးဇုန်နှစ်ခု ကမ္ဘောဒီးယား၌ တိုးချဲ့တည်ထောင်မည်

ဖနောင်ပင် ဖေဖော်ဝါရီ ၁၉

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်နှင့်တာကီယိုပြည်နယ်တွင် အထူးစီးပွားရေးဇုန်နှစ်ခုကို တိုးချဲ့တည်ထောင်မည်ဖြစ်ကြောင်း သည်ကမ္ဘောဒီးယား ပရက်စ်ရီဗျူးက ဖေဖော်ဝါရီ ၁၆ရက်တွင် ဖော်ပြသည်။

အက်ဝုဒ်သွင်းကုန် ထုတ်ကုန်ကုမ္ပဏီသည် ဖနောင်ပင်၏ ဆင်ခြေဖုံးရှိ မြေ ၃၅၃ ဟက်တာတွင် အထူးစီးပွား ရေးဇုန်ကို အမေရိကန်ဒေါ်လာ သန်း ၆၀ ရင်းနှီးမြှုပ်နှံရန် စီမံထားကြောင်း အဆိုပါဇုန်တွင် အဝတ်အထည်များ၊ ဖိနပ်များနှင့် လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်မည်ဖြစ်ကြောင်း၊ ပရက်စ်ရီဗျူးက ဖော်ပြသည်။

ဒေါင်ချာဟစ်ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီသည်လည်း တာကီယိုကီရီဗွန်ရှိ မြေ ၅၇ ဟက်တာတွင် ဇုန်တစ်ခု ထူထောင်ရန် ဒေါ်လာသန်း ၇၀ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။ အဆိုပါဇုန်မှ ငါးနှင့်ဝိုင်ကဲ့သို့ စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်မည်ဖြစ်သည်။

ယခုအခါ ကမ္ဘောဒီးယားနိုင်ငံတွင် အဆိုပါဇုန်နှစ်ခုနှင့်ပေါင်းလျှင် စီးပွားရေး ဇုန်ကိုးဇုန်ရှိလာမည်ဖြစ်သည်။

အမ်အင်အေး၊ဆင်ဟွာ

ဗန်ကောက် ရုပ်ရှင်ပွဲတော် နိုင်ငံပေါင်း ၆၀မှ ပါဝင်ပြသ

ဗန်ကောက် ဖေဖော်ဝါရီ ၁၉

စတုတ္ထအကြိမ်မြောက် ဗန်ကောက်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်ကို ဖေဖော်ဝါရီ ၁၇ရက်ညက ဗန်ကောက်မြို့ရှိ စီအန်ပါရာဂွန်ကဇာတ်ရုံ၌ ဖွင့်လှစ်လိုက်ကြောင်း၊ ယင်းပွဲတော်ကို ဖေဖော်ဝါရီ ၂၀ရက် အထိ ဖွင့်လှစ်ကာ နိုင်ငံပေါင်း ၆၀မှ ရုပ်ရှင်ကားပေါင်း ၁၆၀ ကား ပါဝင်ပြသမည်ဖြစ်ကြောင်း၊ အော်စကာဆုရ ဟောလီး ဝုဒ်ရုပ်ရှင်နှင့် အာရှထုတ် ရုပ်ရှင်ကားများ ပါဝင်ကြောင်း ဆင်ဟွာက ဖော်ပြသည်။

ဖွင့်ပွဲအဖြစ် နာမည်ကြီး ဒါရိုက်တာ ပန်အိရတ်တာနာရုအန် ရိုက်ကူးသော "မမြင်နိုင်သောလှိုင်းလျှားများ" အမည်ရှိ ထိုင်းဇာတ်ကားကို ပြသခဲ့ကြောင်း သိရသည်။

ယင်းရုပ်ရှင်ပွဲတော်တွင် ဆုရသည့် ရုပ်ရှင်ကား ၁၂ကားကို ဖေဖော်ဝါရီ ၂၄ရက်တွင် ဆုချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။ တရုတ်ရုပ်ရှင်ကား ၁၀ကား လာရောက်ပြသခဲ့ပြီး ပီတာဟိုဆန်ချန်း ရိုက်ကူးသည့် အချစ်ဇာတ်ကားမှာ အထူးတင်ဆက်သည့်ရုပ်ရှင်ကားဖြစ်ကြောင်း သိရသည်။

အမ်အင်အေး၊ဆင်ဟွာ

ကမ္ဘာ့တစ်ဝန်းကလေးကစားစရာအရုပ်များ တရုတ်က ၇၅ရာခိုင်နှုန်းထုတ်လုပ်ခဲ့

ပေကျင်း ဖေဖော်ဝါရီ ၁၉

ကမ္ဘာတစ်ဝန်းရှိ ကလေးကစားစရာအရုပ်၏ ၇၅ရာခိုင်နှုန်းနီးပါးကို တရုတ်နိုင်ငံမှ ထုတ်လုပ်ခဲ့ကြောင်း အသေးစားစက်မှုလုပ်ငန်းပစ္စည်းများနှင့် လက်မှုပညာပစ္စည်းများ ကုန်သည်ကြီးများအသင်းက ဖေဖော်ဝါရီ ၁၇ရက်က ပြောကြားသည်။

တင်ပို့ခဲ့

တရုတ်နိုင်ငံ၏ ကလေးကစားစရာ အရုပ်များကို ဥရောပ၊ အမေရိကန်၊ ဂျပန်နှင့် အခြားတိုင်းပြည်များသို့ တင်ပို့လျက်ရှိသည်။ ၆၀ ရာခိုင်နှုန်းကျော်ကို အမေရိကန်နိုင်ငံသို့ တင်ပို့ခဲ့ကြောင်း ကုန်သည်ကြီးများအသင်းက ပြောကြားသည်။

ပြည်ပသို့ တင်ပို့သော တရုတ်နိုင်ငံ၏ ကလေးကစားစရာအရုပ်များ၏ ၆၀ ရာခိုင်နှုန်းကျော်ကို တောင်ပိုင်းကွမ်တုံပြည်နယ်မှ ထုတ်လုပ် တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြည်ပပို့ တရုတ်လုပ်ကလေးကစားစရာအရုပ်များကို တွေ့ရစဉ်။

ကုန်သည်ကြီးများအသင်း၏ စာရင်းဇယားများအရ နှစ်စဉ်အရုပ် ၈၀၀၀ ကျော်ထုတ်လုပ်ခဲ့သောကြောင့် ထုတ်လုပ်မှုတန်ဖိုးသည် အမေရိကန် ဒေါ်လာ ၆ ဒသမ ၂၅ဘီလီယံရှိသည်။

ကြိုးပမ်း

တရုတ်နိုင်ငံတွင် ယခုလက်ရှိ အသက် ၁၄ နှစ်အောက် ကလေး ၂၈၆ သန်းရှိသောကြောင့် ပြည်တွင်းဈေးကွက်ကို ချဲ့ထွင်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

အမ်အင်အေး၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဓားရှည်တစ်ချောင်းကို ပါးစပ်အတွင်းထည့်သွင်းပြသူ

ဓားရိုးမှလွဲ၍ ကျန်ဓားတစ်ချောင်း လုံးကို ပါးစပ်အတွင်း ထည့်သွင်းပြနေသူ တစ်ဦးကိုတွေ့ရစဉ်။ (ဝဲပုံ)

စပိန်နိုင်ငံမြောက်ပိုင်း ဘူဂိုစ်မြို့တွင် ပြုလုပ်သည့် လူသားတို့၏ အံ့ဖွယ်စွမ်းရည် ပြသပွဲတစ်ရပ်၌ ဥရုဂွေး နိုင်ငံသားတစ်ဦးက ဓားရှည်တစ်ချောင်းလုံးကို ဓားရိုးမှလွဲ၍ ပါးစပ်အတွင်း ထည့်သွင်းပြသခဲ့ကြောင်း သိရသည်။

ယင်းဥရုဂွေးနိုင်ငံသားသည် အဆိုပါ ဓားရှည်တစ်ချောင်းလုံးကို ပါးစပ်အတွင်းသို့ ကြိမ်ဖန်များစွာ ထည့်သွင်း ပြသနိုင်ခဲ့သည့်အပြင် မြေပြင်တွင် ဓားကိုထောင်၍လည်း လူကိုဇောက်ထိုးနေကာ ပါးစပ် အတွင်းသို့ ဓားထိုးသွင်းပြီး စွမ်းရည်ပြသခဲ့ကြောင်း သိရသည်။

အမ်အင်အေး၊ရိုက်တာ

ထူးဆန်းလှပသောငါး

ထူးဆန်းသော အရောင်အဆင်းနှင့် လှပသော ငါးလေးတစ်ကောင်ကို တွေ့ရစဉ်။ (ယာအောက်ပုံ)

အဆိုပါငါးကိုဘရာဇီးလ်နိုင်ငံ ဆင်ဂူမြစ်အတွင်းမှ ဖမ်းဆီးရမိခြင်း ဖြစ်ပြီး အပူပိုင်းဒေသရေပြင်၌ ကျင်လည်ကျက်စားလေ့ရှိသော ထူးခြားရှားပါးသည့် ငါးမျိုးစိတ်မှ ငါးတစ်ကောင် ဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

၎င်းငါးသည်ရွှေရောင်အစက် အပြောက်လေးများ ပါရှိပြီး ခန္ဓာကိုယ် တစ်လုံးတွင် အရောင်ရင့်သော ပိတ်စတစ်ခုဖြင့် ဖုံးအုပ်ထားသကဲ့သို့ရှိကြောင်း သိရသည်။

အင်အင်အေး၊ရိုက်တာ



စားအုန်းဆီ တန်ချိန်၁၀သန်းကျော် အင်ဒိုနီးရှားတင်ပို့မည်

ဂျကာတာ ဖေဖော်ဝါရီ ၁၉

အင်ဒိုနီးရှားနိုင်ငံ၏ စားအုန်းဆီ တင်ပို့မှုသည် ၂၀၀၆ ခုနှစ်က တန်ချိန် ၁၀ဒသမ ၃သန်းတင်ပို့ရန် မျှော်လင့်ခဲ့ကြောင်း အဆိုပါ စားအုန်းဆီ တင်ပို့ရောင်းချရေးအသင်းက ဖေဖော်ဝါရီ၁၇ ရက်၌ ပြောကြားသည်။

၂၀၀၅ခုနှစ် အောက်တိုဘာလအထိ စားအုန်းဆီတန်ချိန် ၈ဒသမ ၆၇ သန်းတင်ပို့ခဲ့ကြောင်း၊ နိုင်ငံအချို့က ဝယ်လိုအား ကောင်းလာမှုကြောင့် တင်ပို့မှုတိုးလာမည်ဟု မျှော်လင့်ရကြောင်း အင်ဒိုနီးရှား ဆီအုန်း ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဒါရွန်ဘန်ဂန်၏ ပြောကြားချက်ကို အင်တာတာ့စ်သတင်းဌာနက ကိုးကားဖော်ပြသည်။

စားအုန်းဆီ ဝယ်လိုအား မြင့်မားလာခြင်းသည် ဇီဝဒီဇယ်ထုတ်လုပ်ရေးအတွက် ဝယ်လိုအားမြင့်တက်လာကြောင်းဖြင့်လည်း ၎င်းက ပြောကြားသည်။ ပါကစ္စတန်နိုင်ငံသည် အင်ဒိုနီးရှားမှ ၂၀၀၅ ခုနှစ်က စားအုန်းဆီ တန်ချိန်တစ်သန်းတင်သွင်းခဲ့ပြီးနောက် ယခုနှစ်တွင် ထို့ထက်ပိုမိုတင်သွင်းရန် စီစဉ်လျက်ရှိသည်။ အိန္ဒိယနှင့် တရုတ်မှဝယ်လိုအားသည် ၂၀၀၅ခုနှစ်က ထက် ပိုမည်ဖြစ်ကြောင်း တန်ချိန် ၁၀ ဒသမ ၃ သန်းတင်ပို့ရန်မျှော်လင့်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေး၊ဆင်ဟွာ

မကြာမီ ပေါ်ထွန်းလာတော့မည့် ရေဝတီတံတား(ရတနာပုံ)

ရန်ကုန် ဖေဖော်ဝါရီ ၁၉

၁၉၂၄ ခုနှစ်တွင် စတင်ဆောက်လုပ်ပြီး ၁၀နှစ်ကြာမှဖွင့်လှစ်သော စစ်ကိုင်းတံတားကြီး၏ သက်တမ်းသည် နှစ်ပေါင်း ၇၀ ကျော်ခဲ့ပြီ ဖြစ်သည်။ သက်တမ်းအားဖြင့် ကြာမြင့်လာပြီဖြစ်၍ ခံနိုင်ရည်ဝန်ချိန်သည်လည်း နည်းပါးလာခဲ့သည်။

ပြောင်းလဲတိုးတက်လာသော စီးပွားရေးစနစ်၊ ဈေးကွက်စီးပွားအရ တိုးတက်များပြားလာသော ယာဉ်ကြီးများသွားလာမှု လွယ်ကူစေရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရေးတို့အတွက် မဟာဗျူဟာအချက်အချာကျသော နေရာဖြစ်သဖြင့် ခေတ်မီတံတားသစ်ကြီးတစ်စင်း တည်ဆောက်ရန် လိုအပ်လာခဲ့သည်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ၍ ၁၅-၆-၉၉ ရက်တွင် တံတားအုတ်မြစ်ချ ကွင်းဆင်းတိုင်းတာခဲ့သည်။

အကြိုအင်ဂျင်နီယာလုပ်ငန်းများဖြစ်သော မြေစမ်းသပ်ခြင်း၊ မြေလျှင်ကြော လေ့လာဆန်းစစ်ခြင်း၊ တံတားပုံစံထုတ်လုပ်ခြင်း လုပ်ငန်းများကို ၇-၃-၂၀၀၀ ရက်မှ ၃၀-၅-၂၀၀၀ ရက်အထိ ဆက်လက်ဆောင်ရွက်ခဲ့သည်။ မန္တလေးဘက်ကမ်းတွင် ၃၀-၁၀-၂၀၀၁ ရက်တွင် ပန္နက်တင်မင်္ဂလာ အခမ်းအနားကျင်းပပြီး စစ်ကိုင်းဘက်တွင် ၂၆-၁၁-၂၀၀၂ ရက်၌ ကျင်းပကာ တံတားတည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့သည်။

သတင်းမှတ်စုနှင့်ဓာတ်ပုံ - မိုးသောက်ကြယ်တင်မောင်(သတင်းစဉ်)

ရေဝတီမြစ်ကူးတံတား(ရတနာပုံ) **(အပေါ်ပုံ)** သည် လက်ရှိ စစ်ကိုင်းတံတား အထက် ရေဆန်ပေ ၂၀၀၀ အကွာအဝေးတွင်တည်ရှိပြီး မန္တလေးဘက် ခဝါတောင်နှင့် စစ်ကိုင်းဘက် တကောင်းရပ်ကွက်သို့ ဆက်သွယ်တည်ဆောက်ထားသော တံတားဖြစ်သည်။ ပင်မတံတား သံမဏိသံပေါင် တန် ၉၆၀၀ ရှိပြီး ချဉ်းကပ်တံတား သံကူကွန်ကရစ်ရက်မနှင့် ကြမ်းခင်းဖြစ်သည်။ ပင်မတံတားအရှည် ၃၆၇၅ ပေရှိပြီး မန္တလေးဘက် ချဉ်းကပ်တံတားအရှည် ပေ ၁၁၄၀၊ စစ်ကိုင်းဘက် ချဉ်းကပ်တံတားအရှည် ပေ ၇၈၀ ရှိကာ တံတားတစ်ခုလုံး၏ စုစုပေါင်းအရှည် ၅၆၁၄ ပေရှိသည်။ ယာဉ်သွားလမ်းမှာ လေးလမ်းသွားဖြစ်ပြီး ၄၉ ပေရှိသည်။ မြန်မာနိုင်ငံ တံတားများတွင် လူသွားလမ်း တစ်ဖက်ခြောက်ပေစီ အကျယ်ရှိ နှစ်ဖက်ပါရှိသည်။ ခေတ်မီတံတားကြီးဖြစ်၍ ယာဉ်သွားလမ်းအကျယ်ဆုံးဖြစ်သည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေ အကျယ်ပေ ၇၀၀ ရှိပြီး အမြင့်ဆုံးရေတက်ချိန် ပေ ၄၀ မျှအမြင့်ရှိသည်။ ခွင့်ပြုအလေးချိန် တန် ၆၀ ရှိကြောင်း သိရသည်။ ။ **(မြန်မာ့အလင်း)**

အင်တာနက် သတင်း ----- ပြည်တွင်း သတင်း

ပွံ့ဖြိုးတိုးတက်ရေး မိုဘိုင်းလ်ဖုန်းများ ကူညီပေးလာနိုင်

မိုဘိုင်းလ်ဖုန်းများသည် ပုဂ္ဂိုလ်ရေးအရ ကူညီသူအဖြစ်လည်းကောင်း၊ မီဒီယာပလေယာအဖြစ်လည်းကောင်း၊ ဓာတ်ပုံများ သို့မဟုတ် ဗီဒီယိုများ ရိုက်ကူးရာတွင်လည်းကောင်း အသုံးပြုလာနိုင်ပြီဖြစ်ကြောင်း၊ စပိန်နိုင်ငံ ဘာစီလိုနာ၌ ကျင်းပသော သရီးဂျီ အက်စ်အမ် ကမ္ဘာ့ကွန်ဂရက်၌ တင်ပြထားသည်။

တစ်ချိန်တည်းမှာပင် ဖွံ့ဖြိုးဆဲကမ္ဘာကို မိုဘိုင်းလ်ဖုန်းများက ကူညီပေးနေကြောင်း၊ မိုဘိုင်းလ်ဖုန်းများ၌ ဒီဂျစ်တယ်နည်းပညာများကိုတွေ့ရမည်ဖြစ်ကြောင်း ဂျီအက်စ်အမ်အသင်း၏ အရာရှိ တွမ်ဖီးလစ်က ပြောကြားသည်။

မိုဘိုင်းလ်ဖုန်းများ အသုံးပြုလာနိုင်သည်နှင့်အမျှ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ပြည်သူများ အလုပ်လုပ်ရာတွင် ထိရောက်လွယ်ကူမှု ရှိလာပြီဖြစ်ကြောင်းဖြင့်လည်း မစ္စတာဖီးလစ်က ပြောကြားသည်။

ကမ္ဘာ့လူဦးရေ၏ လေးပုံ သုံးပုံသည် မိုဘိုင်းလ်ဖုန်းကွန်ရက်များတွင် နေထိုင်လျက်ရှိကြကြောင်း မစ္စတာဖီးလစ်က ဆက်လက်ပြောဆိုသည်။ **(အင်တာနက်သတင်း)**

စပိန်ကမ်းခြေသို့ ၃၃ ပေမြင့်သော လှိုင်းလုံးကြီးများရိုက်ခတ်

စပိန်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် ဖေဖော်ဝါရီ ၁၇ ရက်က ကာရေဘီယံ ပင်လယ်ပြင်၌ လေပြင်းမုန်တိုင်း တိုက်ခတ်ပြီး လှိုင်းတံပိုးပြင်းထန်ခဲ့ရာ ထိုလှိုင်းလုံးကြီးများက စပိန်နိုင်ငံ ဆမ်စီတာစတင်းမြို့ ကမ်းခြေသို့ လာရောက်ရိုက်ခတ်ခဲ့သည်။ **(အပေါ်ပုံ)**

အပြင်းထန်ဆုံး

ကာရေဘီယံ ပင်လယ်ပြင်တွင် တစ်နာရီလျှင် ကီလိုမီတာ ၁၁၀ နှုန်း တိုက်ခတ်ခဲ့သဖြင့် ပင်လယ်လှိုင်းလုံးကြီးများ ၃၃ ပေအထိမြင့်တက်ပြီး စပိန်နိုင်ငံ အရှေ့မြောက်ပိုင်း ဆမ်စီတာစတင်းမြို့ကမ်းခြေသို့ အပြင်းထန်ဆုံး ရိုက်ခတ်ခဲ့သည်။

၃၃ပေမြင့်

ထိုသို့ ၃၃ ပေမြင့်သော ပင်လယ်လှိုင်းလုံးကြီးများ ကမ်းခြေသို့လာရောက် ရိုက်ခတ်ခဲ့သဖြင့် ဆမ်စီတာစတင်း ကမ်းခြေတွင် အပန်းဖြေနေကြသူများ ကြောက်လန့်တုန်လှုပ်စွာ ထွက်ပြေးခဲ့ကြသည်။ **(အင်တာနက်သတင်း)**

ဝဝကစ်ကစ် ကြောင်ချစ်သူများအတွက်

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်တုန်ပြည်နယ် ကျန်ဒေါင်မြို့ရှိ စူကျီရောင်၏ နေအိမ်တွင်မွေးထားသောကြောင်လေးမှာ အသက်ကိုးနှစ်အရွယ်ရှိပြီး အလေးချိန် ၁၅ ကီလိုဂရမ်ရှိကြောင်းသိရသည်။ကြောင်လေး၏ ဝတုတ်နေသော ဝမ်းဗိုက်ပတ်လည်အဝန်းမှာ ၇၇ စင်တီမီတာရှိသည်။ (အပေါ်ပုံ)

၎င်းကြောင်ဝတုတ်လေးမှာ အသားများကို ကြိုက်နှစ်သက်ပြီး ငါးများကို စားသောက်ခြင်းမပြုချေ။ နေ့စဉ် ပေါင်မုန့်၊ မီးကင်၊ ကြက်အသည်း အမြစ်ပန်းကန်တစ်ဝက်နှင့် ဝက်သားအနည်းငယ်တို့ကို စားသောက်ကြောင်း သိရသည်။ (ကိုးကားချက်-အင်တာနက်)

ဝသော ဂျပန်ကလေးငယ်များ အားကစားဖြင့် ကိုယ်အလေးချိန်လျှော့ချနေ

ဂျပန်နိုင်ငံတွင် ကလေးငယ်များ အဝလွန်မှုအရေအတွက် များပြားလာမှုကြောင့် ယခုအခါ အဝလွန်သည့်ကလေးငယ်များ**(အပေါ်ပုံ)** ကိုယ်ခန္ဓာအလေးချိန်လျှော့ချရေးကို စနစ်တကျပြုလုပ်ပေးလျက်ရှိသည်။

စနစ်တကျ

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကလေးငယ် ကိုယ်အလေးချိန် လျှော့ချရေးကို ဦးတည်ပြုထားသော အားကစားခန်းမများတွင် ကလေးငယ်များ၏ အားကစားလေ့ကျင့်ခန်းများကို ကြီးကြပ်သူများက စနစ်တကျပြုလုပ်ပေးလျက်ရှိသည်။

လျှော့ချအောင်

တိုကျိုမြို့ရှိ အသက်ကိုးနှစ်အရွယ် မိန်းကလေးငယ် ဆာယာကာမှာ ကိုယ်အလေးချိန် ၁၀၄ ပေါင်ရှိနေရာမှ အားကစားဆိုင်ရာလေ့ကျင့်ခန်းများပြုလုပ်ပြီးနောက် ကိုယ်အလေးချိန် ၄၉ ပေါင်အထိ လျှော့ချသွားအောင် ပြုလုပ်နိုင်ခဲ့သည်ဟု ဆိုသည်။

ကိုယ်အလေးချိန်များပြားခြင်းသည် ရောဂါဘယထူပြောခြင်း၏ ဇစ်မြစ်ဖြစ်သည့်အပြင် အသက်တိုခြင်း၏ အကြောင်းရင်းတစ်ရပ်လည်း ဖြစ်သည်။ **(ကိုးကားချက်-အင်တာနက်)**

မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရှန်ရှီးပြည်နယ် ရှီအန်မြို့ ၌ လှည့်လည်လေ့လာ

ကျောက်စာကြည့်ရှုလေ့လာ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့ ရှီအန်မြို့ Fa Men Si ဘုရားကျောင်းရှိ ဗုဒ္ဓမြတ်စွာဘုရား၏ လက်ညှိုးတော်နှင့်စပ်လျဉ်းသည့် သမိုင်းအထောက်အထား ကျောက်စာကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၁၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ရောက်ရှိနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီးဒေါ်သန်းသန်းနွဲ့နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုနှင့် ဇနီးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ပေကျင်းမြို့မှ ရှန်ရှီးပြည်နယ်ရှိ ရှီအန်မြို့သို့ ချစ်ကြည်ရေးခရီး ဆက်လက်ထွက်ခွာရန် ဖေဖော်ဝါရီ ၁၆ ရက်နံနက် ၈ နာရီ၁၅ မိနစ်တွင် ခေတ္တတည်းခိုသည့် ထျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာမှ ပေကျင်းမြို့ မြို့တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

နှုတ်ဆက်

ထို့နောက် ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှတာဝန်ရှိသူများနှင့် မြန်မာသံရုံး၊ စစ်သံရုံး ဝန်ထမ်းများ၊ မိသားစုများအား နှုတ်ဆက်ကြသည်။

ဂုဏ်ပြုပန်းစည်းပေးအပ်

ယင်းနောက် China Eastrn လေကြောင်းလိုင်းမှ အထူးလေယာဉ်ဖြင့် ရှီအန်မြို့သို့ ထွက်ခွာခဲ့ကြရာ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင်ရောက်ရှိကြပြီး ရှီအန်မြို့ ရှန့်ရန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရှန်ရှီးပြည်နယ် အစိုးရ အဖွဲ့ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာကျွမ်းချန်နှင့် ပြည်နယ်မှ တာဝန်ရှိသူများက ကြိုဆိုကြပြီး ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့အား အမျိုးသမီးငယ်နှစ်ဦးက ဂုဏ်ပြုပန်းစည်း ပေးအပ်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့တို့ ရှီအန်မြို့ရှိ ချင်ရှီဟွမ် ရှင်ဘုရင် စစ်သည်တော်နှင့် မြင်းရုပ်တုများပြတိုက်တွင် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များ ရှီအန်မြို့ New Industrial Park ရှိ BYD Auto Co., Ltd. ၌ ထုတ်လုပ်တပ်ဆင်ပြီးသည့် CNG မော်တော်ယာဉ်များကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ရှင်းလင်းပြသ

ထို့နောက် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရှီအန်မြို့ New Industrial Park ရှိ BYD Auto Co., Ltd. သို့ သွားရောက်ပြီး CNG ယာဉ်ထုတ်လုပ်မှုကို ကြည့်ရှုလေ့လာကြရာ ကုမ္ပဏီအထွေထွေမန်နေဂျာ မစ္စတာ လျို့ကျန်းယူနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ရှေးဦးစွာ CNG မော်တော်ယာဉ်များ၏ Panel လိုင်းတပ်ဆင်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ရှင်းလင်းပြသကြသည်။

ဆက်လက်၍ CNG မော်တော်ယာဉ်များ၏ အင်ဂျင်အမျိုးမျိုးကို လည်းကောင်း၊ မော်တော်ယာဉ် အစိတ်အပိုင်းများအပိုင်းလိုက် တပ်ဆင်ခြင်း လုပ်ငန်းများကိုလည်းကောင်း၊ ထုတ်လုပ်တပ်ဆင်ပြီးသည့် CNG မော်တော်ယာဉ်များကိုလည်းကောင်း လှည့်လည်ရှင်းလင်းပြသကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် သည်ဓာတ်ဆီနှင့် CNG နှစ်မျိုးသုံးနိုင်သည့် မော်တော်ယာဉ်များ၏ အင်ဂျင်ပိုင်း၊စက်ပိုင်းဆိုင်ရာများ၊ မော်တော်ယာဉ်အတွင်း CNG အိုး တပ်ဆင်နေရာချထားမှုများကို အသေးစိတ်ကြည့်ရှုလေ့လာသည်။ ဆက်လက်၍ တာဝန်ရှိသူများက CNG အိုးနှင့်ဆက်စပ်ပစ္စည်းများကို ရှင်းလင်းပြသကြသည်။

ထို့နောက်ဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြောကြားပြီး ကုမ္ပဏီ အထွေထွေမန်နေဂျာအား အမှတ်တရ လက်ဆောင်ပေးအပ်သည်။

ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီးဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရှီအန်မြို့မှ ကီလိုမီတာ ၁၄၀ ခန့်ကွာဝေးသည့် Fa Men Si ဘုရားကျောင်းသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြရာ ဘုရားကျောင်းမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဓမ္မလက်ဆောင်ချီးမြှင့်

ထို့နောက် Fa Men Si ဘုရားကျောင်းဝင်းရှိ ရှေးဟောင်းစေတီတော်နှင့် ဗုဒ္ဓရုပ်ပွားတော်တို့အား ဖူးမြော်ကြည်ညိုကြရာ Fa Men Si ဘုရားကျောင်းဆရာတော် ရွှဲချန်နှင့်ဆရာတော် သံဃာတော်များက ဓမ္မဒေသနာတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြပြီး ဓမ္မလက်ဆောင်များချီးမြှင့်ကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁

20-2 (07).p65 1 2/20/2006, 12:31 AM

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အိမ်နီးချင်းကောင်းနိုင်ငံများအဖြစ် ရှေးနှစ်ပေါင်းများစွာကပင် ချစ်ကြည်ရင်းနှီးစွာ ရွှေလမ်းငွေလမ်းဖောက်ခဲ့

■ **ရှေ့ဖုံးမှ**

ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာလီကျောက်ရှင်း၊ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာစွေ့ထရန့်ခိုင်၊ သမ္မတရုံး အတွင်းဝန် မစ္စတာချန်ရှိဂျူ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာဟူကျွန်းရေး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာကွမ်မုနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ပဏာမဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် သမ္မတ မစ္စတာဟူကျင်တောင်က အဆွေတော်ဝန်ကြီးချုပ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ခြင်းကို လှိုက်လှဲစွာ ကြိုဆိုပါကြောင်း၊ ဝန်ကြီးချုပ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လာရောက်သည့် ဦးခရီးစဉ်အတွင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်များကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ကြပြီဖြစ်ကြောင်း၊ အဆွေတော်ဝန်ကြီးချုပ်၏ ခရီးစဉ်မပြီးဆုံးသေးသော်လည်း အောင်မြင်သည့်ခရီးစဉ်ဖြစ်ကြောင်းဖြင့် ပဏာမဆွေးနွေးသည်။

လက်မှတ်ရေးထိုးနိုင်ခဲ့

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက ဆွေးနွေးရာ၌ မိမိနှင့်အဖွဲ့အား သမ္မတကြီးက ယခုကဲ့သို့ လှိုက်လှဲစွာ ကြိုဆိုမှုအတွက် ဂုဏ်ယူပါကြောင်း၊ ယမန်နေ့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ်နှင့် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးခဲ့ကြပြီး သဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာ ရှစ်ခုကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြကြောင်း။

ယခုကဲ့သို့ မိမိတို့၏ ချစ်ကြည်ရေးခရီးစဉ်အောင်မြင်အောင် စီစဉ်ဆောင်ရွက်ပေးကြသည့် အဆွေတော်သမ္မတကြီးနှင့် ခေါင်းဆောင်များအား ကျေးဇူးတင်ရှိပါကြောင်း။

နှုတ်ခွန်းဆက်စကားပါး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အဆွေတော်သမ္မတကြီးအား နှုတ်ခွန်းဆက်စကား ပါးလိုက်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံကြီး ဆက်လက်အောင်မြင်မှုများ ရစေရန်နှင့် အဆွေတော် ကျန်းမာရွှင်လန်းစေရန်လည်း ဆုမွန်ကောင်းများ တောင်းလိုက်ပါကြောင်း။

ပြီးခဲ့သည့်နှစ် ဧပြီလက အဆွေတော်နှင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေတို့ ဂျကာတာမြို့၌ တွေ့ဆုံစဉ် အဆွေတော်သမ္မတကြီးက မြန်မာနိုင်ငံအပေါ် ပိုမိုကူညီ အားပေးသွားမှာဖြစ်ကြောင်း ပြောကြားခဲ့ခြင်းအတွက် များစွာ ကျေးဇူးတင်ရှိကြောင်းကိုလည်း အဆွေတော်အား မိမိမှတစ်ဆင့် မှာကြားလိုက်ပါကြောင်း။

နှစ်ထောင်းအားရဖြစ်

အဆွေတော်သမ္မတကြီး၏ ခေါင်းဆောင်မှုအောက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အရှိန်အဟုန်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်နေပြီး ပြည်သူတစ်ရပ်လုံးသည်လည်း စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည်ကို တွေ့မြင်ရသဖြင့် မိတ်ဆွေမြန်မာနိုင်ငံအနေဖြင့် များစွာနှစ်ထောင်းအားရဖြစ်ရပါကြောင်း။

ယနေ့မြန်မာနိုင်ငံအစိုးရအနေဖြင့်လည်း ပြည်သူများ၏ လူနေမှုဘဝ မြင့်မားတိုးတက်လာရေးအတွက် နိုင်ငံတော် တည်ငြိမ်အေးချမ်းအောင်၊ စီးပွားရေးအခြေခံကောင်းများရရှိအောင်နှင့် ပြည်သူများ အသိပညာမြင့်မားတိုးတက်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ကျေးဇူးတင်ရှိ

ထိုအချိန်တွင် မိမိတို့၏မိတ်ဆွေစစ်ဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံက နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအရ ကူညီစောင့်ရှောက်ရပ်တည်မှုများ ပေးနေသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားပြီး တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ၊ ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများဘက်မှ တရုတ်နိုင်ငံ၏ ရပ်တည်ဆောင်ရွက်ချက်များအပေါ် သုံးသပ်ပြောကြားသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်က အဆွေတော်အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အောင်မြင်မှုများကို ချီးကျူးခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်း။

ရွှေလမ်းငွေလမ်းဖောက်ခဲ့

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အိမ်နီးချင်းကောင်းနိုင်ငံများအဖြစ် ရှေးနှစ်ပေါင်းများစွာကပင် ချစ်ကြည်ရင်းနှီးစွာ ရွှေလမ်းငွေလမ်းဖောက်ခဲ့ကြကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသစ်အဖြစ် ထူထောင်ခဲ့ရာတွင် ရှေးဦးစွာ အသိအမှတ်ပြုသည့် နိုင်ငံများ၌ မြန်မာနိုင်ငံပါဝင်ခဲ့ကြောင်း၊ ထို့ပြင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ချက် ချမှတ်ပြီး အဆိုပါမူကြီးများနှင့်အညီ အတူတကွ ဆက်သွယ်ဆက်ဆံမှုများ ပြုခဲ့ကြကြောင်း၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုများမှာလည်း အစဉ်မပြတ် တိုးတက်ဖြစ်ထွန်းလျက်ရှိနေကြောင်း။

ကျေနပ်အားရမှုရှိ

မြန်မာနိုင်ငံအစိုးရအနေဖြင့် တရုတ်နိုင်ငံတစ်နိုင်ငံတည်းမူ (One China Policy) ကို အစဉ်တစိုက် ထောက်ခံခဲ့ခြင်းအတွက်လည်း ကျေးဇူးအထူးတင်ရှိကြောင်း၊ မိမိနှင့် မြန်မာနိုင်ငံအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေတို့နှစ်ဦး ၂၀၀၅ခုနှစ်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ တွေ့ဆုံခဲ့စဉ်ကလည်း နှစ်ဦးနှစ်ဖက် အမြင်ချင်းဖလှယ်ခဲ့ကြပြီး ကဏ္ဍအသီးသီးတွင် ပူးတွဲဆောင်ရွက်မှုများကို ကျေနပ်အားရမှုရှိကြကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ချစ်ခင်ရင်းနှီးစွာ ဆက်ဆံရေးသည် တရုတ်နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒပင်ဖြစ်ပါကြောင်း၊ အိမ်နီးချင်းများ တည်ငြိမ်အေးချမ်းရေး၊ ချမ်းသာကြီးပွားရေးအတွက် အမြဲမပြတ် အလေးထားလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ လုံခြုံရေး၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို အစဉ်အမြဲလေးစားပါကြောင်း။

ပွင့်ပွင့်လင်းလင်းဆန့်ကျင်

ထို့ပြင် မြန်မာပြည်သူများအနေဖြင့် မိမိတို့၏ကံကြမ္မာကို မိမိတို့ကိုယ်တိုင် ဖန်တီးနိုင်ရမှာဖြစ်ကြောင်း၊ ပြည်ပအင်အားစုများက စီးပွားရေးပိတ်ဆို့ပြီး ဝင်ရောက်စွက်ဖက်မှုကို ပွင့်ပွင့်လင်းလင်း ဆန့်ကျင်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဦးဆောင်မှုဖြင့် ပြည်သူများ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်ရေး ဦးတည်ဆောင်ရွက်နေမှုများ အောင်မြင်မှုရရှိမည်ဟု ယုံကြည်ကြောင်း။

ချစ်ကြည်ရေးခရီး

ဆွေမျိုးများ အပြန်အလှန်အသွားအလာများလေ သံယောဇဉ်နက်ရှိုင်းမှုတိုးပွားလေ ဆိုသည့် စကားပုံအတိုင်း မြန်မာနိုင်ငံ၏ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အဆင်ပြေသည့်အချိန်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ရန် ဖိတ်ကြားလိုက်ပါကြောင်းကို အဆွေတော်မှတစ်ဆင့် ပြောကြားပေးစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စတင်ထူထောင်စဉ်ကတည်းက အစောဆုံးအသိအမှတ်ပြုခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်သကဲ့သို့ တရုတ်တစ်နိုင်ငံတည်းမူဝါဒ (One China Policy) ကို အစဉ်တစိုက်ထောက်ခံလျက်ရှိကြောင်း၊ ထိုင်ဝမ်ကိုလည်း တရုတ်နိုင်ငံ၏ ခွဲခြားမရသည့် အစိတ်အပိုင်းတစ်ခုအဖြစ် အမြဲတမ်းခံယူထားပါကြောင်း ပြောကြားသည်။

မူဝါဒလမ်းစဉ်(၇)ရပ်

ဆက်လက်၍ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ဖော်မှုအခြေအနေကို ရှင်းလင်းပြောကြားပြီး ၂၀၀၆ခုနှစ် ဇန်နဝါရီ ၃၁ရက်အထိ အမျိုးသားညီလာခံတွင် ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကာ မိမိတို့အနေဖြင့် ချမှတ်ထားသည့်မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း တစ်ဆင့်ပြီး တစ်ဆင့် အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ထို့နောက် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်သည့် နှစ်(၅၀)ပြည့် ၂၀၀၀ပြည့်နှစ်တွင် အဆွေတော်သမ္မတကြီး မြန်မာနိုင်ငံသို့ အလည်အပတ်လာရောက်ခဲ့သည်မှာ နှစ်အတော်ကြာသွားပြီဖြစ်သည့်အတွက် နောက်တစ်ကြိမ် ထပ်မံလာရောက်ပါရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဖိတ်မန္တကပြုလိုက်ပါကြောင်းဖြင့် ပြောကြားရာ သမ္မတ မစ္စတာဟူကျင်တောင်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဖိတ်ကြားချက်ကို ဝမ်းမြောက်ဝမ်းသာ လက်ခံပါကြောင်း ပြန်လည်ပြောကြားသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရုန်ရှီးပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာကျောက်ကျန့်ယုံက ရုန်ရှီးပြည်နယ် ရှီအန်မြို့ရှိ Shangri-La Golden Flower Hotel ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံစဉ်။
(သတင်းစဉ်)

စာမျက်နှာ ၃ မှ

နှစ်နိုင်ငံခေါင်းဆောင်များ၏ဆန္ဒများကို အောင်မြင်အောင်ဖော်ဆောင်ရန် မိမိတို့ဆုံးဖြတ်ထားကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်အောင် စီမံကိန်းများချမှတ်၍ အထူးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ဈေးကွက်စီးပွားရေးစနစ်

မြန်မာနိုင်ငံ၌ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက်ရှိကြောင်း၊ ပုဂ္ဂလိကများကိုလည်း လုပ်ကိုင်ခွင့်များ ပေးထားကြောင်း၊ အကြမ်းအားဖြင့် လယ်ယာစိုက်ပျိုးရေးကို အခြေခံ၍ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းလျက်ရှိကြောင်း၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံ၌ ရေမြေသဘာဝ သယံဇာတအရင်းအမြစ်များ ပေါကြွယ်ဝကြောင်း၊ ရောမ စိုက်ကွင်းကြီးများအဖြစ် ဖော်ထုတ်နိုင်သည့် နေရာများရှိကြောင်း၊ ကမ်းလွန်၌ သဘာဝဓာတ်ငွေ့များ ကြွယ်ဝကြောင်း၊ စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် အခြေခံအဆောက်အအုံများကိုလည်း မိမိတို့တည်ဆောက်ပေးထားပြီးဖြစ်ကြောင်း။

မိမိတို့ အနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ခေတ်မီနိုင်ငံတော်ဖြစ်ရေးတည်ဆောက်သွားမည်ဟု ဆုံးဖြတ်ထားကြောင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများလည်း မြန်မာနိုင်ငံတွင် စီးပွားရေး လုပ်ငန်းများကို လာရောက်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

အကောင်းဆုံးအချိန်

ရန်ကုန်မြို့တော်အနီး၌ သီလဝါ အထူးစက်မှုဇုန် စီမံကိန်းရှိကြောင်း၊ ယင်းစက်မှုဇုန် အပါအဝင် အခြားစိတ်ဝင်စားဖွယ် ကောင်းသည့် ဒေသများ၌ ရုန်ရှီး ပြည်နယ်မှ လုပ်ငန်းရှင်များ လာရောက်ရင်းနှီး မြှုပ်နှံရန် ဖိတ်ခေါ်ကြောင်း၊ ယနေ့အချိန်အခါသည် နှစ်ဖက်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရန် အကောင်းဆုံးအချိန်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များအား ရုန်ရှီးပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာ ကျောက်ကျန့်ယုံက Shangri-La Golden Flowerဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း Beijing Planning Exhibition Hall ကြည့်ရှုလေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ၁၅ရက် ညနေ ၄ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ Beijing Planning Exhibition Hall သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

တာဝန်ရှိသူများကြိုဆို

ရှေးဦးစွာဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား Beijing Planning Exhibition Hall တာဝန်ခံ မဒမ်ကျောက်လီနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ မဒမ်ကျောက်လီက Beijing Planning Exhibition Hall ကို၂၀၀၃ ခုနှစ် စက်တင်ဘာလတွင် စတင်တည်ဆောက်ခဲ့ပြီး၂၀၀၄ခုနှစ် စက်တင်ဘာလတွင် ဖွင့်လှစ်ခဲ့ပါကြောင်း၊ ပြခန်းဖွင့်လှစ်ပြီးတစ်နှစ်ကျော်ကာလအတွင်း နိုင်ငံတကာမှ ဧည့်သည်တော်များ အပါအဝင် လူဦးရေတစ်သန်းကျော် လာရောက် လေ့လာကြပါကြောင်း ပဏာမရှင်းလင်းတင်ပြပြီး ပေကျင်းမြို့ဟောင်းနှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်လာသည့် ပေကျင်းမြို့တို့၏ အခြေအနေများကို ရုပ်ရှင်ဖြင့်ပြသသည်။

ရှင်းလင်းပြသ

ထို့နောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များအား Exhibition Hall ၏ စတုတ္ထထပ်၌ ကြေးဖြင့် ပုံဖော်ပြထားသည့် ၁၉၄၉ ခုနှစ် ပေကျင်းမြို့ အနေအထားကို တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ ပုံစံငယ်များဖြင့် ပြသထားသည့် ၂၀၀၈ခုနှစ်တွင် ဖြစ်ပေါ်လာမည့် ပေကျင်းမြို့အနေအထား မြို့ကွက်ပုံစံများ၊ ပေကျင်းမြို့၌ ကျင်းပမည့် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲအတွက် အားကစားနည်းအလိုက် ယှဉ်ပြိုင်ကစားနိုင်ရန် တည်ဆောက်ထားသည့် အားကစားကွင်း၊ အားကစားရုံ နမူနာများနှင့် ၂၀၀၇ခုနှစ်တွင် ဖွင့်လှစ်မည့် ပေကျင်းမြို့ မြို့တော်အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းသစ်ကြီး၏ ပုံစံငယ်တို့ကို ရှင်းလင်းပြသကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းအား ပေကျင်းမြို့ရှိ Beijing Planning Exhibition Hallတာဝန်ခံ မဒမ်ကျောက်လီက ပေကျင်းမြို့ဟောင်းနှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်လာသည့် ပေကျင်းမြို့တို့၏ အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ကြည့်ရှု

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပေကျင်းမြို့ နန်းတော်ဟောင်းပုံစံပြကွက်ကို ကြည့်ရှုကြသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကုန်သွယ်မှုဗဟိုဌာနများ၊ အဆင့်မြင့် သိပ္ပံနှင့် နည်းပညာရပ်ကွက်များအဖြစ် ပေါ်ထွက်လာမည့် ပေကျင်းမြို့တော် အနေအထား ရုပ်တုပုံစံငယ်များကို ထပ်မံကြည့်ရှုလေ့လာကြသည်။

ထို့နောက် မြေညီထပ်ရှိ ပြခန်းများကို ကြည့်ရှုလေ့လာကြပြီး Beijing Planning Exhibition Hall မှတာဝန်ရှိသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

လက်မှတ်ရေးထိုး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် Beijing Planning Exhibition Hall ဧည့်သည်တော်မှတ်တမ်း စာအုပ်၌ မှတ်တမ်းလက်မှတ်ရေးထိုးသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာဝူဘန်ကိုအား ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ ဧည့်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

✡ *ကျောဖုံးမှ*

တက်ရောက်

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အတူနိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနဝန်ကြီးနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ကျော်ကျော်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်းတို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာဝူဘန်ကိုနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ တောင်ဝင့်ကျူ ၊ နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာစွေ့ထရန်ခိုင်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် မစ္စတာဝူဘန်ကိုက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ခရီးစဉ်သည် တရုတ်–မြန်မာ နှစ်နိုင်ငံရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို ထပ်ဆင့် တွန်းအားပေးနိုင်မည်ဟု ယုံကြည်ကြောင်းဖြင့် ပဏာမ ဆွေးနွေးပြောကြားသည်။

နှုတ်ခွန်းဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က မိမိနှင့်အဖွဲ့အား နွေးထွေးစွာ လက်ခံတွေ့ဆုံခြင်းအတွက် ကျေးဇူးတင်ဝမ်းမြောက်ရပါကြောင်း၊ ဦးစွာ အဆွေတော်၏ မိတ်ဟောင်းဆွေဟောင်းများဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးတို့က အဆွေတော်အား နှုတ်ခွန်းဆက်လိုက်ပါကြောင်း။

အဆွေတော်အနေဖြင့် မြန်မာနိုင်ငံသို့ ၁၉၉၇ ခုနှစ်က ရောက်ရှိခဲ့ပြီး ရောက်ရှိသည့် အချိန်ကာလကြာသွားပြီဖြစ်၍ မြန်မာနိုင်ငံသို့ နောက်တစ်ကြိမ် အလည်လာရောက်ပါရန် မိမိမှတစ်ဆင့် ဖိတ်ကြားလိုက်ပါကြောင်း။

အားရဖွယ်တွေ့မြင်

မိမိတို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိသည့် အချိန်တိုင်းမှာပင် တရုတ်ပြည်သူ့သမ္မတနိုင်ငံကြီးမှာ အရှိန်အဟုန်ဖြင့် တိုးတက်နေသည်ကို တွေ့ရှိရကြောင်း၊ ဤကဲ့သို့ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကြီးအတွက် လိုအပ်သည့်ဥပဒေများကို အဆွေတော်ဦးဆောင်သည့် အမျိုးသားပြည်သူ့ကွန်ဂရက်က နိုင်ငံ၏တိုးတက်မှုနှင့် တစ်ပြေးညီ ပြဋ္ဌာန်းပေးနေသည်ကို အားရဖွယ်တွေ့မြင်နေရကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ စီးပွားရေးအခြေခံကောင်းများ တိုးတက်ဖြစ်ထွန်းရေး တို့ကို တစ်ပြိုင်တည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့မှာ နှစ်ပေါင်း ၁၀၀ကျော် ကိုလိုနီနယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့ရပြီး ယင်းတို့၏ သွေးထိုးသပ်လျှိုခဲ့မှုများကြောင့် တိုင်းရင်းသား လက်နက်ကိုင်ထကြွမှုများ ဖြစ်ပွားကာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုမှာ များစွာနောက်ကျကျန်ရစ်ခဲ့ရကြောင်း။

မူဝါဒလမ်းစဉ်(၇)ရပ်

ယခုအချိန်အခါတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တည်ဆောက်ပြီး နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်နိုင်ခဲ့ပြီးနောက် ခေတ်မီ ဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရန် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

မူဝါဒလမ်းစဉ်(၇)ရပ်အနက် အဓိကအခြေခံကျသည့် အမျိုးသားညီလာခံကို တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်လျက် ကျင်းပနေကြောင်း၊ ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံအစည်းအဝေးများတွင် ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးအာဏာခွဲဝေကျင့်သုံးမှု၊ လွှတ်တော်အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှုများ၊ တပ်မတော်အခန်းတို့နှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများရရှိအောင် ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ကြကြောင်း။

နောင်ဆက်လက်ကျင်းပမည့် အမျိုးသားညီလာခံ၌ ကျန်ရှိနေသေးသည့် ကဏ္ဍရှစ်ခုကို ဆက်လက် ဆွေးနွေးသွားကြမှာဖြစ်ကြောင်း၊ အမျိုးသားညီလာခံက ချမှတ်ပေးထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အသေးစိတ်အခြေခံရမည့် မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်း၊ ပြည်သူ့ဆန္ဒခံယူခြင်းများကို အဆင့်လိုက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း။

ကြိုဆိုထောက်ခံ

မြန်မာနိုင်ငံအနေဖြင့် တရုတ်တစ်နိုင်ငံတည်းမူဝါဒကို လက်ခံ ကျင့်သုံးခဲ့ပါကြောင်း၊ ထိုင်ဝမ်ကို တရုတ်နိုင်ငံ၏ခွဲခြားမရသည့် အစိတ်အပိုင်းဖြစ်သည်ဟု ခံယူထားပါကြောင်း၊ တရုတ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် နယ်မြေတည်တံ့မှုတို့ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခွင့်ကို ထောက်ခံပါကြောင်း၊ ထို့ကြောင့် ခွဲထွက်မှုတားမြစ်သည့် ဥပဒေ(Anti Secession Law) ပြဋ္ဌာန်းခဲ့ခြင်းကို မြန်မာနိုင်ငံက ကြိုဆိုထောက်ခံခဲ့ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံအမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာဝူဘန်ကိုက ဆွေးနွေးရာတွင် အဆွေတော်အနေဖြင့် မြန်မာနိုင်ငံ၏အခြေအနေကို ရှင်းပြသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား မိမိအနေဖြင့် ရင်းနှီးခင်မင်စွာ နှုတ်ခွန်းဆက်ပါကြောင်းကို ပြောကြားပေးစေလိုကြောင်း။

တည်မြဲရှင်သန်

ရှည်လျားလှသည့်သမိုင်းကြောင်းတစ်လျှောက် တရုတ်–မြန်မာ ချစ်ကြည်ရင်းနှီးမှုများကို နှစ်နိုင်ငံခေါင်းဆောင်ကြီးများ စဉ်ဆက်မပြတ်ပြုစုပျိုးထောင်လာခဲ့ကြကြောင်း၊ မိမိတို့ချမှတ်ကျင့်သုံးခဲ့သည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ငါးရပ်နှင့်အညီ နေထိုင်ဆက်ဆံလာခဲ့ကြသည့်အလျောက် နိုင်ငံတကာအခြေအနေ၊ မိမိတို့ပြည်တွင်းရေးအခြေအနေများပြောင်းလဲလာခဲ့သော်လည်း တရုတ်–မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုမှာ တည်မြဲရှင်သန်လျက်ပင်ရှိကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် အမျိုးသားဂုဏ်သိက္ခာတို့ကို တန်ဖိုးထားပါကြောင်း။

ထိုင်ဝမ်ကိစ္စမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အချုပ်အခြာအာဏာ၊ အမျိုးသားဂုဏ်သိက္ခာနှင့် သက်ဆိုင်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် ဂုဏ်သိက္ခာရှိမှုတို့အတွက် ပြဋ္ဌာန်းခဲ့သည့် Anti Secession Lawကို နားလည်ထောက်ခံခဲ့ခြင်းအတွက် ဂုဏ်ယူပါကြောင်း။

အမြဲထောက်ခံ

တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံ၏လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် အမျိုးသားဂုဏ်သိက္ခာရှိမှုတို့အတွက် အမြဲထောက်ခံသွားမှာဖြစ်ကြောင်း၊ နှလုံးရည်ပြည့်စုံသည့် မြန်မာပြည်သူများအနေဖြင့် မြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အဆွေတော်၏ ဆွေးနွေးချက်များမှာ မိမိတို့အတွက် အတွေ့အကြုံကောင်း၊ ဗဟုသုတကောင်းများကိုရရှိစေပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်နှင့်ပြည်သူများအတွက် အကောင်းဆုံးဖြစ်အောင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း။

ချစ်ကြည်ရင်းနှီးမှု

မိမိအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံခေါင်းဆောင်များနှင့် ပြည်သူများ၏ မြန်မာနိုင်ငံပြည်သူများအပေါ်ထားရှိသည့် ချစ်ကြည်ရင်းနှီးမှုများကို သယ်ဆောင်သွားမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

(သတင်းစဉ်)

မွန်ပြည်နယ်၏အလှကို အိပ်မက်တံတားပေါ်မှခံစားခြင်း

မုတ္တမနှင့် မော်လမြိုင်ဆက်သွယ်သော သံလွင်တံတား(မော်လမြိုင်)ကို အိပ်မက်တံတားကြီးဟု တင်စားခေါ်ကြသည်။ သံလွင်မြစ်၊ အတ္တရံမြစ်နှင့် ဂျိုင်းမြစ်တို့ ဖိုခုံလောက်ဆုံရာ ရေစီးအလွန်သန်သော နေရာတွင် တံတားဆောက်ရန် မဖြစ်နိုင်ဟု ဆိုကြပြောကြသော်လည်း လက်တွေ့ဖြစ်ရပ်တွင် ၁၁၅၇၅ပေ ရှည်လျားသည့် မြန်မာနိုင်ငံ၌ အရှည်ဆုံးနှင့် အကြီးဆုံး မြစ်ကူးတံတားကြီးတစ်စင်း ပေါ်ထွန်းခဲ့သည်။ ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၅ရက်နေ့တွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေကိုယ်တိုင် ကြွရောက်ချီးမြှင့် ဖွင့်လှစ်ပေးခဲ့သဖြင့် ယခု ဖေဖော်ဝါရီလ ၅ရက်နေ့က တစ်နှစ်တင်းတင်းပြည့်ခဲ့ပြီ ဖြစ်သည်။ မုတ္တမနှင့် မော်လမြိုင်သည် ရေအိုးနှင့်ရေမှုတ်ပမာ မဝေးမကွာ ရှိခဲ့သည်။ သံလွင်တံတား(မော်လမြိုင်) ဖွင့်လှစ်ပြီးနောက် စာရေးသူအချို့က အတိတ်ကာလ ကိုယ်တွေ့ဖြစ်ရပ်များကို ထင်ဟပ်၍ ပီတိအဟုန်ဖြင့် ရေးသားခဲ့ကြသည်များကိုလည်း ဖတ်ရှုခဲ့ရသည်။ စာရေးသူသည်လည်း အိပ်မက်တံတားကြီးပေါ် ကိုယ်တိုင်ဖြတ်သန်းပြီး ယခင်အတိတ်ကာလက အတွေ့အကြုံများကို ရေးသားလိုက်ရပါသည်။

စာရေးသူတို့၏ မော်တော်ယာဉ်သည် သံလွင်တံတား (မော်လမြိုင်)၏ ချဉ်းကပ်လမ်းပေါ် စတင်ချဉ်းနင်းမိချိန်မှာပင် မြစ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေနုအေး၏အငွေ့အသက်ကို စတင်ခံစားလိုက်ရသည်။ မြန်မာနိုင်ငံ၏ အရှည်ဆုံးတံတားကြီးပေါ်၌ လေညင်းကို တစ်ဝကြီး ရှူရှိုက်လိုက်ရသည်။ လေကြီးလျှင် လှိုင်းထန်သော မြစ်ပြင်ကျယ်ကို အပေါ်စီးမှ ငုံ့ကာငုံ့ကာကြည့်ရင်း အတိတ်ကို ပြန်လည်သတိရလာမိသည်။ ရေစီးသန်လှိုင်းထန်သော မြစ်ပြင်အလယ်ရှိ ခေါင်းဆေးကျွန်းကို တံတားကြီးပေါ်မှ ရှောင်ကွင်းဖြတ်ကျော်ခြင်းမှာပင် အတိတ်ကာလက ပဲ့ထောင်ရေယာဉ်ပေါ်မှ လက်အုပ်ချီမိုးရှိခိုးခဲ့ရဖူးသော ခေါင်းဆေးကျွန်းစေတီကို တံတားပေါ်မှ ဦးချမိပါသည်။

တံတားကြီး မတည်ဆောက်မီ မိုးတွင်းကာလ နေ့တစ်နေ့ဖြစ်ပါသည်။ စာရေးသူသည် မွန်ပြည်နယ်တရားရုံးတွင် အယူခံမှုတစ်ခုကို အပြီးသတ် လျှောက်လဲတင်ပြရန် ချိန်းဆိုထားသောနေ့ ဖြစ်သည်။ မွန်ပြည်နယ်တရားရုံးသို့ ယခင်က မရောက်ဖူးပါ။ မော်လမြိုင်မြို့ မည်သည့်ရပ်ကွက် မည်သည့်လမ်းတွင် ရှိမှန်းလည်း မသိပါ။ မေးစမ်းသွားမည်ဟူသော စိတ်ကူးဖြင့် ရန်ကုန်-မုတ္တမ ညကားဖြင့်ခရီးနှင်ခဲ့သည်။ စစ်တောင်းတံတားထိပ်တွင် ရှေးယခင်ကကဲ့သို့ ညအိပ်စောင့်ဆိုင်းရခြင်း မရှိတော့သဖြင့် မုတ္တမသို့ နံနက် ၆နာရီ၊ ၇နာရီထက် နောက်မကျဘဲ ရောက်ရှိကြောင်း စုံစမ်းသိရှိထားပြီးဖြစ်၏။

မုတ္တမဆိပ်ကမ်းကို အခြေချမိသောအခါ ဇက်၊ သင်္ဘောကို မမီတော့ပါ။ ရုံးချိန်လည်း နီးနေသဖြင့် စိတ်မောခဲ့ရပါသည်။ မုတ္တမရေဆိပ်ဆိပ်ခံတံတားတွင် အစီအရီရပ်ထားသော ပဲ့ထောင်ရေယာဉ်ပေါ်သို့ ခရီးသည်တချို့ တက်ရောက်နေကြသည်ကို တွေ့မြင်သော်လည်း မြစ်ရေပြင်ကို ပဲ့ထောင်ရေယာဉ်ဖြင့် ဖြတ်မကူးရဲသေးသဖြင့် နာရီကြည့်ရင်း သက်ပြင်းချရင်း၊ ရုံးချိန်မမီမှာ စိုးရိမ်ခြင်းတို့ဖြင့် ပဲ့ထောင်ရေယာဉ်တစ်စင်းပေါ်သို့ တက်လှမ်းခဲ့၏။ ပဲ့ထောင်ရေယာဉ်သည် မြစ်သုံးဆိုင်အလယ်သို့ရောက်ရှိချိန်မှာပင် လေတိုက်လာရာ မူလကငြိမ်နေသောရေပြင်

စိန်လှိုင်မိုလ်

သည် လှိုင်းထန်လာခဲ့ပါ၏။ ပဲ့ထောင်ရေယာဉ်သည် လှိုင်းကိုထိုးဖောက်၍ မောင်းနှင်ရာ ပဲ့ထောင်ယာဉ်ပေါ်ရှိ ခရီးသည်အားလုံးအပေါ် ရေမှုန်ရေမွှားတို့ မိုးရွာချသကဲ့သို့ကျရောက်ရာ အားလုံးစိုရွှဲကုန်၏။ လှိုင်းမှာလည်း ပို၍ပို၍မြင့်မောက်လာခဲ့ရာ ပဲ့ထောင်ရေယာဉ်မှာ မြောက်၍ မြင့်တက်သွားလိုက် ပြန်ကျလိုက် ရှိနေသည်။

ထို့နောက် အခက်အခဲခရီးလမ်းကိုကျော်လွန်ပြီး မော်လမြိုင်ဘက်ကမ်း ဈေးကြီးနောက်ဘက် ဆိပ်ကမ်းသို့ ရောက်ရှိခဲ့သည်။ စိုရွှဲနေသော အဝတ်အစားများကို လဲလှယ်ပြီး တရားရုံးသို့ အချိန်မီသွားရောက်ခဲ့ရပုံများကို ပြန်လည်သတိရနေဆဲမှာပင် စာရေးသူစီးနင်းလာသော မော်တော်ယာဉ်သည် မော်လမြိုင်ဘက်ကမ်းသို့ ရောက်ရှိခဲ့သည်။

မော်လမြိုင်တွင် နံနက်စာစားပြီး ကျိုက္ခမီတွင် ညအိပ်ရန်အစီအစဉ်ရှိသည့်အတိုင်း ခရီးဆက်ကြသည်။ မှတ်မှတ်ရရ ရေးစရာကပေါ်လာပြန်သည်။ မော်လမြိုင်-မုဒုံ-သံဖြူဇရပ်-ကျိုက္ခမီလမ်းသည် ယခင်က မော်တော်ကားနှစ်စီး ရှောင်တိမ်း၍မရခဲ့ပါ။ တစ်စီးကရပ်ပေး၍ဖြစ်စေ၊ လမ်းဘေးချပေး၍ဖြစ်စေ ရှောင်တိမ်းမောင်းကြရ၍ ခရီးမတွင်ခဲ့ပါ။ ကားလမ်းကူး တံတားအများစုကလည်း ကျဉ်းသည်။ နယ်မြေအခြေအနေကလည်း သွားသတိ လာသတိ အမြဲရှိကြရသည်။ ယခုမူ အိပ်မက်တံတားကြီးနှင့်အတူ ရန်ကုန်-ထားဝယ် မော်တော်ကားလမ်းမကြီး၏ စီမံကိန်းကြောင့် လမ်းကျယ်၊ တံတားကျယ်များကို ဖြတ်သန်း၍ ခရီးပေါက်လျက်ရှိသည်။

မုဒုံ-သံဖြူဇရပ်လမ်းပိုင်းသည် မြို့တမျှ စည်ကားသော ရွာကြီးများရှိသော်လည်း ကားလမ်းဘေးတွင် မေးတင်၍မရှိသည်ကများသည်။ လူနေအိမ်ခြေအများစုသည် ရော်ဘာခြံများ၏ နောက်အတွင်းပိုင်းတွင် အရှိများခြင်းသည် မွန်ပြည်နယ်၏ထူးခြားချက်ဖြစ်၏။ ရွာအဝင်လမ်းသည် ရော်ဘာပင်များကြားမှ ဖြတ်သန်းသွားရသည်။ ရှေးယခင်က မြေသားလမ်းများနေရာတွင် ယခုအခါ ဂဝံလမ်း၊ ကတ္တရာလမ်းများ ခင်းထားနိုင်သည်အထိ တိုးတက်မှုများကိုလည်း တွေ့မြင်ရ၏။ ကားလမ်းနံဘေးတွင် စိမ်းစိုလန်းဆန်းလှပစွာ စီတန်းရှင်သန်နေသော ရော်ဘာပင်များ၏ကြားမှ အသစ်တစ်ဖန်ခင်းထားသော နာမည်ကျော် စက်စဲကမ်းခြေအပန်းဖြေစခန်း လမ်းသစ်ကိုလည်း ဖြတ်သန်းခဲ့ကြ၏။ လှပအေးချမ်းသော စက်စဲကမ်းခြေ၏ အုန်းပင်ရိပ်တွင် ပင်လယ်ပြင်မှ တိုက်ခတ်လာသော လေညင်းကိုရှူရှိုက်ရင်း အုန်းရေချိုချိုကိုသောက်၍ အပန်းလည်းဖြေဖြစ်ကြသည်။

ပင်လယ်ထဲသို့ နေလုံးကြီးဝင်ရောက်စပြုချိန်တွင် ကျိုက္ခမီတန်ခိုးကြီး ရေလယ်စေတီတော်မြတ်ကို ဦးတိုက်မိကြပါသည်။ ဧည့်ရိပ်သာတွင် တစ်ညတာနားခို၍ နံနက်ခင်းတွင် ကျိုက္ခမီစေတီတော်မြတ်ကြီးကို ဖူးမြော်ပြီး ရှင်ဥပဂုတ္တရဟန္တာအရှင်မြတ်ကြီး၏ စံကျောင်းတော်ရှိရာသို့ ကျောက်ခင်းလမ်းမှ ကျော်ဖြတ်ရင်း ဖူးမြော်ခဲ့ရ၏။ အပြန်ခရီးတွင် မွန်ပြည်နယ်၏ တန်ခိုးကြီးဘုရားဖြစ်သော "ထိုင်လျက်၊ လက်ထောက်လျက် အနေအထားဖြင့်စံပယ်နေသော ကျိုက်မရောဘုရားကြီး ကိုလည်း ဖူးမြော်ခွင့်ရခဲ့ကြပါသည်"။ သံလွင်တံတား(မော်လမြိုင်)ကို ဒုတိယအကြိမ် ထပ်မံဖြတ်သန်းခံစားရင်း တံတားကြီးပေါ်တွင် မြစ်ပြင်လယ်မှ တိုက်ခတ်လာသောလေကို တစ်ဝကြီးရှူရှိုက်ရင်း သာယာလှပသော မွန်ပြည်နယ်ကို ကြည်နူးရွှင်ပျစွာ နှုတ်ခွန်းဆက်လိုက်ရပါ၏။

နိုင်ငံတော်က တာဝန်ကျေပွန်ခဲ့ပါပြီ။ **ဘယ်လောက်ရင်း၍၊ ဘယ်လောက်အကျိုးအမြတ် ရရှိမည်ဆိုခြင်းထက် ပြည်သူအများ လမ်းပန်းဆက်သွယ်ရေး၊ လုံခြုံချောမွေ့ရေးတာဝန်ကို နိုင်ငံတော်က ကျေပွန်ခဲ့ပါသည်။ ယခုအခါတွင်ပြည်ရွာလည်းအေးချမ်း၍ ခရီးလမ်းပန်းလည်း သာယာ၍နေပါပြီ။** မွန်ပြည်နယ်အပါအဝင်ပြည်ထောင်စုတစ်ဝန်းလုံးသည် လှပဖွံ့ဖြိုး စည်ပင်သာယာတိုးတက်လျက် ရှိပါကြောင်း တင်ပြရင်း အိပ်မက်တံတားကြီးကို ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။ ။

ဘယ်လောက်ရင်း၍၊ ဘယ်လောက် အကျိုးအမြတ်ရရှိမည်ဆိုခြင်းထက် ပြည်သူအများ လမ်းပန်းဆက်သွယ်ရေး၊ လုံခြုံချောမွေ့ရေး တာဝန်ကို နိုင်ငံတော်က ကျေပွန်ခဲ့ပါသည်။ ယခုအခါတွင် ပြည်ရွာလည်းအေးချမ်း၍ ခရီးလမ်းပန်းလည်း သာယာ၍နေပါပြီ။

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၇ခုနှစ် တပို့တွဲလပြည့်ကျော်ရရက် (ဥပုသ်နေ့)
၂၀-၂-၂၀၀၆ရက်(တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၀၅	၆။	အတီးပြိုင်ပွဲ
၈း၁၀	၇။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၂၅	၈။	အဆိုပြိုင်ပွဲ
၈း၃၀	၉။	International News
၈း၄၅	၁၀။	Grammar made Easy
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	Practice in Reading
၁၆း၄၀	၄။	တေးဂီတအစီအစဉ်
၁၆း၅၅	၅။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]
၁၇း၁၀	၆။	အကပဒေသာ
၁၇း၂၀	၇။	မြန်မာစာ မြန်မာစကား
၁၇း၃၀	၈။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
၁၇း၄၀	၉။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၇း၅၀	၁၀။	စက်မှုစွမ်းအားခေတ်ကျော်လွှား
၁၈း၀၀	၁၁။	ညနေခင်းသတင်း
၁၈း၂၀	၁၂။	မိုးလေဝသအခြေအနေ
၁၈း၂၅	၁၃။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး"** (အပိုင်း-၆၅)
၁၈း၅၅	၁၄။	အတီးပြိုင်ပွဲ
၁၉း၀၀	၁၅။	တေးဂီတအစီအစဉ်
၁၉း၁၅	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်လှေကားထစ်လေးများ"** (အပိုင်း-၄၀)
၂၀း၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ပျော်ရွှင်ဖွယ် နေ့ကလေးများ"** (အပိုင်း-၁၁)
	၂၁။	မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
	၂၂။	နောက်တစ်နေ့အစီအစဉ်
	၂၃။	အစီအစဉ်ပြီး၏။

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၀)ရပ်ကွက်လှော်ကားလမ်းအမှတ် ၁၉၈ နေ ဦးစန်းမောင်မိသားစုက သက်တော်ရှည် မြင်းခြံဆရာတော် တစ်နှစ်ပြည့်ပူဇော်ပွဲနှင့် ကြေးသွန်ရုပ်တုဖွင့်ပွဲအတွက် အလှူတော်ငွေကျပ် တစ်သိန်းကို ဘဏ္ဍာတော်ရှာဖွေရေးကော်မတီသို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မီးသုံးခွဲလျှင် အသိယှဉ်
အစဉ်သတိ အမြဲရှိ

ဇန်နဝါရီ ၇ ရက်က ရွှေပြည်သာမြို့နယ် အမှတ်(၁၆)အခြေခံပညာ မူလတန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ထူးချွန်ဆုပေးပွဲ အခမ်းအနားကျင်းပရာ မူလတန်းတွင် ထူးချွန်ဒုတိယဆုရ မဆုလှိုင်လှိုင်အား ဆရာမဒေါ်ဝေးဝေးညွန့်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

မြတ်မော်တင်ဗုဒ္ဓပူဇနိယပွဲတော်ကာလ
ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရေယာဉ်များပြေးဆွဲပေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ဧရာဝတီတိုင်း ငပုတောမြို့နယ် မြတ်မော်တင်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်သို့ သွားရောက်ဖူးမြော်လိုသူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရန် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ အထူးရေယာဉ်"ဗလ" ရေယာဉ်သစ်ကြီးများဖြင့် ပို့ဆောင်ပေးမည် ဖြစ်သည်။

ရောင်းချပေးမည်

ဗုဒ္ဓပူဇနိယပွဲတော်ကာလ ဖြစ်သော ဖေဖော်ဝါရီ၂၇ရက်မှ မတ်၁၃ရက်အထိ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးမှ ရေယာဉ်များကို ဖေဖော်ဝါရီ ၂၆ရက်မှ မတ်၁၃ရက်အထိ နေ့စဉ် ရန်ကုန်မြို့ လမ်းသစ်ဆိပ်ကမ်းမှ ညနေ ၃နာရီတွင်လည်းကောင်း၊ ခမောက်မော်မှ နံနက်၈နာရီတွင်လည်းကောင်း၊ ပြေးဆွဲမည်ဖြစ်ပြီး လက်မှတ်များကို လမ်းသစ်လက်မှတ်ရုံ၌ ကြိုတင်/နေ့ချင်းစနစ်ဖြင့် ရောင်းချပေးမည် ဖြစ်သည်။

ခရီးသည်ခနှုန်းထားမှာ ရန်ကုန်/ခမောက်မော် ရိုးရိုးတန်း ငွေကျပ် ၂၁၅၀၊ ပထမတန်းငွေကျပ် ၇၇၅၀ ဖြစ်သည်။

အသေးစိတ် သိရှိလိုပါက မြစ်ဝကျွန်းပေါ်ဌာနခွဲ လမ်းမတော်ရုံး ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ရန်ကုန်မြို့ ဖုန်း- ၂၂၂၄၇၂၊ ၂၂၂၄၇၅၊ ၂၂၂၄၆၉တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာမျက်နှာ ၇ မှ

ဆက်လက်၍ ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များအား ဆရာတော် ရွဲချန်က ဗုဒ္ဓမြတ်စွာ၏ လက်ညှိုးတော် တူးဖော်တွေ့ရှိသည့် ရှေးဟောင်း စေတီတော်မြေအောက်နေရာကို ရှင်းလင်းပြသကြသည်။

ထို့နောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓမြတ်စွာ၏ လက်ညှိုးတော်ကို ဖူးမြော်ကြည်ညိုကြသည်။

သမိုင်းအထောက်အထား

Fa Men Si ဘုရားကျောင်းဝင်းရှိ စေတီတော်မှာ နှစ်ပေါင်း ၁၀၀၀ ကျော် သက်တမ်းရှိသည့် စေတီတော်ဖြစ်ကြောင်း သိရသည်။ ၁၉၈၇ ခုနှစ်တွင် အဆိုပါစေတီတော်ကို ပြုပြင်မွမ်းမံရာတွင် ဗုဒ္ဓမြတ်စွာ၏လက်ညှိုးတော်ကို တူးဖော်တွေ့ရှိရကြောင်းနှင့် လက်ညှိုးတော်နှင့် စပ်လျဉ်းသည့် သမိုင်းအထောက်အထား ကျောက်စာများကိုလည်း တွေ့ရှိရကြောင်း သိရှိရသည်။

မှတ်တမ်းဓာတ်ပုံရိုက်

ထို့နောက် ဝန်ကြီးချုပ်၊ ဇနီးနှင့်အဖွဲ့ဝင်များသည် ဓမ္မာရုံရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားကျောင်း ဆရာတော် ရွဲချန်နှင့် ဆရာတော် သံဃာတော်များ၊ ဘုရားကျောင်းမှ တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဘုရားကျောင်းဝင်းအတွင်းရှိ ပြတိုက်သို့ သွားရောက်ကြပြီး လက်ညှိုးတော်နှင့်အတူ တူးဖော်ရရှိခဲ့သည့် ကျောက်စာများ၊ Tang မင်းဆက်ဘုရင်များ လှူဒါန်းခဲ့သည့် ရွှေချည်များကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြတိုက်ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။ ဆက်လက်၍ ဝန်ကြီးချုပ်အား ပြတိုက်တာဝန်ခံက ရှေးဟောင်းအထိမ်းအမှတ် လက်ဆောင်ပစ္စည်းများကို ဂါရဝပြုပေးအပ်သည်။

ကြိုဆို နှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့အား ရှီအန်မြို့ ရှန့်ရှန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရှန်ရှီးပြည်နယ် အစိုးရအဖွဲ့ ဒုတိယ အထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာကျွမ်းချန်နှင့် ပြည်နယ်မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

လှည့်လည်ကြည့်ရှု

ထို့နောက် ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် လက်ညှိုးတော် ဘုရားနှင့်စပ်လျဉ်း၍ ထိန်းသိမ်းပြသထားသည့်မှတ်တမ်းများ၊ Tang မင်းဆက်ဘုရင်များ၏ အသုံးအဆောင်ပစ္စည်းများ၊ ရှေးဟောင်း ဖန်ထည်၊ သံထည်၊ ကြွေထည် ပစ္စည်းများကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၇ရက် နံနက် ရနာရီခွဲတွင် ရှီအန်မြို့ရှိ ချင်ရှီဟွမ်ရှင်ဘုရင်စစ်သည်တော်နှင့် မြင်းရုပ်တုများပြတိုက်သို့ သွားရောက်လေ့လာကြရာ ပြတိုက်တာဝန်ခံ မစ္စတာလေယွိဖင်နှင့် တာဝန်ရှိသူများကကြိုဆိုကြပြီး စစ်သည်တော်နှင့် မြင်းရုပ်တုများ စတင်တွေ့ရှိသည့်နေရာနှင့် ပြတိုက်အဖြစ် စနစ်တကျထိန်းသိမ်းပြသထားမှုများကို ရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်သည်တော်နှင့် မြင်းရုပ်တုများကိုလည်းကောင်း၊ ရှေးခေတ်ကအသုံးပြုခဲ့သည့် အုတ်ချပ်များကိုလည်းကောင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက်တာဝန်ရှိသူများက စစ်သည်တော်ရုပ်တုများ၏ ရာထူးအဆင့်အမျိုးမျိုးကို ရှင်းလင်းပြသကြသည်။

ကြည့်ရှုလေ့လာ

ဆက်လက်၍ စစ်သည်တော်များနှင့် မြင်းရုပ်တုများ ဆက်လက်တူးဖော်နေမှုများကိုလည်းကောင်း၊ မြားပစ်စစ်သည်နှင့် ဗိုလ်မှူးကြီးအဆင့်ရှိသူတို့၏ ဝတ်စားဆင်ယင်မှုများနှင့် အသုံးအဆောင်များ ပြသထားမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ကြေးဖြင့်ပြုလုပ်ထားသည့် မြင်းစီးစစ်သည်တော်၊ စစ်သည်တော်များ အသုံးပြုခဲ့သည့် လက်နက်များ၊ မြင်းလေးကောင်ကသည့် ယာဉ်တို့ကိုလည်းကောင်း၊ ယင်းခေတ်က ကြေးဖြင့်သွန်းလုပ်ထားသည့် ဘဲငန်းရုပ်တုများစသည့် ရှေးဟောင်းယဉ်ကျေးမှုလက်ရာများကို လည်းကောင်း တာဝန်ရှိသူများက လှည့်လည်ရှင်းလင်းပြသကြသည်။ ဆက်လက်၍ ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

လက်ဆောင်ပစ္စည်းပေးအပ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး ပြတိုက်တာဝန်ခံအား လက်ဆောင်ပစ္စည်းပေးအပ်သည်။

အဆိုပါစစ်သည်တော်နှင့် မြင်းရုပ်တုများကို ၁၉၇၆ ခုနှစ်တွင် တူးဖော်တွေ့ရှိရခြင်းဖြစ်ကြောင်းနှင့် ဆက်လက်တူးဖော်ရှာဖွေဖော်ထုတ်ဆဲဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၁၅ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များ ပေကျင်းမြို့ရှိ **Beijing Planning Exhibition Hall** ၌ ပုံစံငယ်များဖြင့် ပြသထားသည့် ၂၀၀၈ခုနှစ်တွင် ဖြစ်ပေါ်လာမည့် ပေကျင်းမြို့အနေအထား မြို့ကွက်ပုံစံများကို ကြည့်ရှုကြစဉ်။ (သတင်း စာ–၉) (သတင်းစဉ်)

ကျောက်နီ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း၌ ကြက်ဆူပင်ပျိုးထောင်ထားရှိမှု တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးကြည့်ရှု

ရန်ကုန် ဖေဖော်ဝါရီ ၁၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ကလောတပ်နယ်မှ ဗိုလ်မှူးချုပ်မြဝင်း၊ ဗထူးတပ်နယ်မှ ဗိုလ်မှူးချုပ်ဇော်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၇ရက် နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကျောက်နီ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရှေးဦးစွာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က တိုင်းစစ်ဌာနချုပ် ကျောက်နီ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ကျောက်နီ(ဗျိုင်းချောင်း) ရေလှောင်တမံ တည်ဆောက်ထားရှိမှုအခြေအနေများ၊ တိုင်းစစ်ဌာနချုပ်လက်အောက်ခံ တပ်ရင်း၊ တပ်ဖွဲ့များ၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်အတွင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးထားရှိမှုအခြေအနေများကို ပုံစံဇယား၊ ကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က ကျောက်နီ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းတွင် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးဆောင်ရွက်မှုများနှင့် ကြက်ဆူပင်စိုက်ပျိုးရေး လျာထားဧက ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်မှုများ၊ ကြက်ဆူဆီကို ဇီဝလောင်စာအဖြစ် အသုံးပြုနိုင်မှု သရုပ်ပြ ဆောင်ရွက်မှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက ရှမ်းပြည်နယ်အနေဖြင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေး လျာထားချက်ဧက ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့သည် ကျောက်နီ ဘက်စုံ စိုက်ပျိုးမွေးမြူရေး စခန်း အတွင်းရှိ ပျိုးခြံအတွင်း၌ ကြက်ဆူပင်မျိုးစေ့အပင်ပေါက်နှင့် မျိုးကိုင်းများကို မျိုးအိတ်များဖြင့် ပျိုးထောင်ထားရှိမှုများနှင့် ကျောက်နီ (ဗျိုင်းချောင်း)ရေလှောင်တမံတည်ဆောက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကိုယ်တိုင်ပါဝင်စိုက်ပျိုး

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့သည် ကျောက်နီ ဘက်စုံစိုက်ပျိုးမွေးမြူရေး စခန်းရှိ ခြံစည်းရိုးကြက်ဆူပင်ပျိုးခင်းသို့ သွားရောက်၍ တပ်ရင်း၊ တပ်ဖွဲ့များ အလိုက် ကြက်ဆူပင်မျိုးစေ့၊ မျိုးကိုင်း၊ အပင်ပေါက်များ စုပေါင်းပျိုးထောင်ထားရှိမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် ပျိုးအိတ်အတွင်း ကြက်ဆူပင်မျိုးစေ့များကို ထည့်သွင်းပျိုးထောင်ပေး၍ ကြက်ဆူပျိုးပင်များကို ကိုယ်တိုင်ပါဝင် စိုက်ပျိုးပေးသည်။

ပျိုးထောင်ထားရှိ

အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ကျောက်နီ ဘက်စုံစိုက်ပျိုးမွေးမြူရေး စခန်းရှိ ခြံစည်းရိုးကြက်ဆူပင်ပျိုးခင်းတွင် ခြံစည်းရိုးကြက်ဆူပင် ၃၅၀၀၀၀ နှင့် မျိုးစေ့ပျိုးပင် ၂၀၀၀၀၀၊ မျိုးကိုင်းပျိုးပင် ၁၀၀၀၀၀ စုစုပေါင်း ခြံစည်းရိုးကြက်ဆူပျိုးပင် ၇၃၈၀၀၀ တို့ကို ပျိုးထောင်ထားရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဆိုင်ရာ ဟန်ဂေရီနိုင်ငံသံအမတ်ကြီး ခန့်အပ်ရန် သဘောတူညီပြီး

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဟန်ဂေရီနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ဒေါက်တာအန်ဒရက်ဘာလော့(ခ်)အား ခန့်အပ်ရန်အဆိုပြုခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

ဒေါက်တာ အန်ဒရက်ဘာလော့(ခ်)သည် ၁၉၄၄ခုနှစ်တွင် ဘူဒါပက်(စ်)မြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၇၆ခုနှစ်တွင် ဖွံ့ဖြိုးတိုးတက်မှုလေ့လာရေးဘာသာရပ်ဖြင့် ပါရဂူဘွဲ့ရရှိခဲ့ပြီး ၁၉၉၅ခုနှစ်တွင် ဟန်ဂေရီသိပ္ပံတက္ကသိုလ်မှ သမိုင်းဘာသာရပ်ဖြင့် ဒေါက်တာဘွဲ့ရရှိခဲ့သည်။ ၎င်းသည် ၁၉၆၈ခုနှစ်မှ ၁၉၇၆ခုနှစ်အထိ အီးဖော့လိုရန့်တက္ကသိုလ်တွင် လက်ထောက်ကထိကအဖြစ်လည်းကောင်း၊ ၁၉၇၆ခုနှစ်မှ ၁၉၈၃ခုနှစ်အထိ ဟန်ဂေရီဆိုရှယ်လစ်ပါတီ၏ နိုင်ငံတကာနိုင်ငံရေးရာ အကြံပေးအဖြစ်လည်းကောင်း၊ ၁၉၈၃ခုနှစ်မှ ၁၉၈၈ခုနှစ်အထိ ဘူဒါပက်(စ်)မြို့ နိုင်ငံရေးရာသိပ္ပံကောလိပ်တွင် ပါမောက္ခအဖြစ်လည်းကောင်း၊ ၁၉၈၈ခုနှစ်မှ ၁၉၉၃ခုနှစ်အထိ အိန္ဒိယနိုင်ငံဆိုင်ရာ ဟန်ဂေရီသံအမတ်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၀၀ပြည့်နှစ်မှ ၂၀၀၅ခုနှစ်အထိ ဟန်ဂေရီ နိုင်ငံတကာနိုင်ငံရေးရာအဖွဲ့တွင် ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ဒေါက်တာအန်ဒရက်ဘာလော့(ခ်)သည် ထိုင်းနိုင်ငံဆိုင်ရာ ဟန်ဂေရီနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသည့် သံအမတ်ကြီးတစ်ဦးဖြစ်ပြီး ဗန်ကောက်မြို့တွင် ရုံးစိုက်နေထိုင်လျက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဟန်ဂေရီသံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။

၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦးရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ၌ ခြစ်ဆီးရိုးကြက်ဆူပင်မှ ဇီဝဒီဇယ်ဆီအောင်မြင်စွာထုတ်လုပ်နိုင်ပြီ

ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုသည့် ခြစ်ဆီးရိုးကြက်ဆူပင်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဧရာဝတီတိုင်း ပုသိမ်မြို့နယ် ငွေဆောင်မြို့တွင် ၂၀၀၆ခုနှစ် ဇန်နဝါရီလ ၂၇ရက်က တာဝန်ရှိသူများနှင့် တွေ့ဆုံရာ၌ ခြစ်ဆီးရိုးကြက်ဆူပင် တိုးချဲ့စိုက်ပျိုးရေးနှင့် စပ်လျဉ်း၍–

"သစ်ပင်မှ ဇီဝလောင်စာရရှိသည့် ခြစ်ဆီးရိုးကြက်ဆူပင် စိုက်ပျိုးရေးကို ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတစ်ခုအဖြစ် ခံယူပြီး ဖိဖိစီးစီး လုပ်ကိုင်သွားကြရန်"

လမ်းညွှန်မှာကြားခဲ့သည်။

ခြစ်ဆီးရိုးကြက်ဆူပင်သည် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အဓိကကျသည့် အပင်ဖြစ်သည်။ ကျေးလက်ဒေသများ၏ လူမှုဘဝ အဆင့်အတန်း၊ စီးပွားရေးအဆင့်အတန်းကို ထူးခြားစွာ ပြောင်းလဲစေသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ကျေးရွာ မီးလင်းရေးလုပ်ငန်းများတွင် ထိထိရောက်ရောက် အသုံးပြုနိုင်သည်။

ထွန်ယက်စိုက်ပျိုးရေးတွင်သုံးနိုင်

ယခင်က နွေစပါးစိုက်ပျိုးလျှင် ဒီဇယ်ဆီကိုဝယ်ယူပြီး လယ်ယာသုံးစက်ကိရိယာများတွင် အသုံးပြုရသည်။ ယခုအခါ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်၍ရသည့် ဇီဝဒီဇယ်ဆီဖြင့် ထွန်ယက်စိုက်ပျိုးရေးသုံး စက်ကိရိယာများတွင် အသုံးပြုနိုင်တော့မည်ဖြစ်၍ ကုန်ကျစရိတ် သက်သာလာသည်။

ကျေးလက်များမီးလင်း

တစ်နေရာမှ တစ်နေရာသို့ သယ်ယူပို့ဆောင်ပေးသည့် ထော်လာဂျီများတွင်လည်း အသုံးပြုနိုင်သည်။ ဒိုင်နမိုအင်ဂျင်စက်များတွင်လည်း ဇီဝဒီဇယ်ထည့်၍ ကျေးလက်ဒေသမီးလင်းအောင်ဆောင်ရွက်နိုင်သည်။ ဆီမီးခွက်ထဲတွင်ပင် ကြက်ဆူဆီထည့်၍ မီးထွန်းနိုင်သည်။

ထို့ကြောင့် ကိုယ်တိုင်စိုက် ကိုယ်တိုင်ထုတ် ကိုယ်တိုင်သုံးနိုင်သည့် ခြစ်ဆီးရိုးကြက်ဆူပင်များ စိုက်ပျိုးခြင်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

အသီးများအောင်မြင်ဖြစ်ထွန်းလျက်ရှိသော ခြစ်ဆီးရိုးကြက်ဆူပင်ကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

ဒုလ္လဘအပါး ၄၀၀ ရဟန်းခံ

ယောဂီ ၈၀၀ တရားအားထုတ်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

နှစ်စဉ်ကျင်းပမြဲဖြစ်သော အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တောရတပ်ဦးကျောင်းတိုက် မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ(၇၇) ပဓာနနာယက ပြည်တွင်းပြည်ပသာသနာပြုမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ၏(၁၄) ကြိမ်မြောက် အဓိဋ္ဌာန်ဒုလ္လဘ အပါး ၄၀၀တို့အား ဥပသမ္ပဒကံဆောင်ပွဲနှင့်(၁၀၅)ကြိမ်မြောက် ၁၀ရက်စခန်း တရားအားထုတ်ပူဇော်ပွဲဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၆ရက် မွန်းတည့် ၁၂ နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ ရွှေမပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒဝံသက ဩဝါဒကထာ မြွက်ကြားဖွင့်လှစ်ပေးသည်။

၁၀ရက်တရားစခန်းပွဲကို ဖေဖော်ဝါရီ ၁၆ရက်မှ ၂၆ ရက်အထိ ကျင်းပလျက်ရှိရာ အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ အရှင်သူမြတ်က မိုးကုတ် ဝိပဿနာပဋိစ္စသမုပ္ပါဒ် တရားတော်များ ဟောကြားပြသပြီး ဒုလ္လဘအပါး ၄၀၀နှင့်လူပုဂ္ဂိုလ် ၄၀၀ စုစုပေါင်းယောဂီ ၈၀၀ တို့တရားစခန်းဝင်ရောက်လျက်ရှိကြောင်း သိရသည်။ **(က–ပ)**

ပို့ဆောင်ရေးက တံခွန်ကို တစ်ဂိုးအသာဖြင့်နိုင်

လယ်ယာထွက်ကုန်က သစ်တောရေးရာကို အနိုင်ရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၅–၂၀၀၆ခုနှစ် ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်း အားကစားပြိုင်ကွင်း၌ ဆက်လက် ကျင်းပရာ ပို့ဆောင်ရေးအသင်းက တံခွန်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

လူငယ်အများစုဖြင့် ဖွဲ့စည်းထားကြသည့် ခြေရည်တူအသင်းနှစ်သင်း ဆုံတွေ့ခြင်းဖြစ်ရာ အကြိတ်အနယ်ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ နှစ်သင်းစလုံး ဂိုးသွင်းခွင့်များ ရရှိခဲ့ကြရာ ပို့ဆောင်ရေးအသင်းက အခွင့်အရေးတစ်ကြိမ်ကို ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့၍ အနိုင်ရရှိသွားခြင်းဖြစ်သည်။ ပို့ဆောင်ရေးအသင်း အတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲချိန်၆၁မိနစ်တွင် လူငယ်တိုက်စစ်မှူး ပြည့်ဖြိုးဦးက သွင်းယူပေးသည်။

သစ်တောရေးရာနိုင်

လူငယ် အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ သစ်တောရေးရာအသင်းနှင့် လယ်ယာထွက်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားရာ လယ်ယာထွက်ကုန်အသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ လယ်ယာထွက်ကုန် အသင်းအတွက် တင်မင်းထွန်းက နှစ်ဂိုးသွင်းယူပေးပြီး သစ်တောရေးရာ အသင်းအတွက် အောင်ကျော်ထွန်းက တစ်ဂိုးသွင်းယူပေးသည်။

ယှဉ်ပြိုင်ကစားမည်

ဖေဖော်ဝါရီ၂၀ရက်**(ယနေ့)**ညနေ ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ စွမ်းအင်အသင်းနှင့် စီးပွားကူးသန်းအသင်း၊ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ပြည်ထဲရေးအသင်းနှင့် စွန်ရဲအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ဖလားဝါးနယူးစ်ဂျာနယ်

ဝေဝေဆာဆာ

ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၈)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ ရဲနွယ် ရေလှောင်တမံ မတ်လမကုန်မီဖွင့်လှစ်မည်၊ လုပ်ငန်းသုံးမီးစက်များကို အင်တာနက်ချိတ်၍ ဖွင့်ပိတ်ထိန်းချုပ်နိုင်သောစနစ် ပြည်တွင်း၌ အသုံးပြုနိုင်ပြီ၊ အာရှဓနဘဏ်တွင် ငွေနှင့်အခြား အမျိုးမျိုးအပ်နှံသူများ၊ မီးရှင်များ ဖေဖော်ဝါရီလ ကုန်နောက်ဆုံးထား၍ထုတ်ယူရန် ကြေညာစသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

တစ်ပြည်လုံးဖြန့်ချိ

အမဲလိုက်တော်သည့် ဒုတိယသမ္မတဒစ်ချေနီ ပစ်လိုက်တော့ငှက် ထိတော့အမဲလိုက်ဖော်၊ သီရိလင်္ကာ ဆင်ပိုင်ရှင် များအသင်း ဆင်ပြေးခုန်ပစ်ပြိုင်ပွဲကျင်းပ၊ တရုတ်နိုင်ငံ၏ အမျိုးသားငါးနှစ်စီမံကိန်း အစီရင်ခံစာအတွက် ကွန်မြူနစ် ပါတီဝင်မဟုတ်သော နိုင်ငံရေးသမားဘဝနှင့် အလွှာပေါင်းစုံမှပညာရှင်များ၏ အကြံဉာဏ်ကို ရယူခဲ့စသည့် နိုင်ငံတကာ သတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ အားကစား၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍစုံလင်စွာဖြင့် e-Empire Media House ဖုန်း–၅၀၀၇၂၁က မြန်မာတစ်ပြည်လုံး ဖြန့်ချိထားသည်။ **(သတင်းစဉ်)**

စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ်၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ယာဉ်အန္တရာယ် ကင်းရှင်းစေလို

စာတည်းခင်ဗျား–

ဟင်္သာတမြို့ ဒွေးဝင်းဈေး မျက်နှာစာရှိ လမ်းမတော် လမ်းမကြီးပေါ်တွင် ဆိုက်ကားများ စည်းကမ်းမဲ့ ရပ်ထားသည့်အပြင် လမ်းဘေးဝဲယာ မျက်နှာချင်းဆိုင်မှ ဈေးဆိုင်များသည်လည်း လူသွားပလက်ဖောင်းပေါ်တွင်အမိုးများ မိုးကာ စည်းကမ်းမဲ့ ရောင်းချလျက်ရှိသည်။ ထိုစည်းကမ်းမဲ့ဈေးသည်များနှင့်ဆိုက်ကားများကြောင့် လမ်းပိတ်ဆို့ကာ ယာဉ်တိုက်ခိုက်မှုများ မကြာခဏ ဖြစ်ပွားနေပါသဖြင့် ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ကိုယာဉ်မောင်း

စက်ရုံမှ အနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်နေ

စာတည်းရှင့်–

သုဝဏ္ဏမြို့ ၂၉ တိုးချဲ့ရပ်ကွက် ကမ်းနားလမ်းတွင် ပဲငံပြာရည်စက်ရုံတစ်ရုံရှိပါသည်။ အဆိုပါ စက်ရုံမှာ နေ့ရောညပါ လုပ်ကိုင်နေပြီး စက်ရုံမှ ထွက်သောအနံ့ဆိုးများကြောင့်ပတ်ဝန်းကျင်ရှိ လူအများ၏ကျန်းမာရေးထိခိုက်လျက်ရှိပါသည်။သို့ပါ၍ အဆိုပါစက်ရုံအား သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာရေးဒုက္ခခံစားနေရသူများ

မိလ္လာပိုက် ပြုပြင်ပေးပါ

စာတည်းခင်ဗျား–

တာမွေမြို့နယ် ကျောက်မြောင်း အရိုးကုန်းလမ်းရှိ ခြောက်ထပ်တိုက် တစ်တိုက်၏ အထပ်မြင့်များရှိ မိလ္လာဆင်းပိုက်လုံးပေါက်မှ မိလ္လာများ ယိုစီးကျနေပါသည်။

အဆိုပါ မိလ္လာမှ အနံ့အသက်ဆိုးများကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် အဆိုပါ မိလ္လာပေါက်ကို သက်ဆိုင်ရာမှ ပြုပြင်ပေးနိုင်ရန် တင်ပြလိုက်ရပါသည်။

ကျန်းမာရေးစိုးရိမ်သူ

သီရိမင်္ဂလာလမ်းဘေးရေမြောင်းများ ပိတ်ဆို့နေ

စာတည်းခင်ဗျား–

အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် သီရိမင်္ဂလာလမ်း၏ လမ်းသွယ်(၁၃)နှင့် ပိတောက်ရိပ်သာလမ်းကြားရှိ လမ်းဘေးရေမြောင်းများသည် ပိတ်ဆို့နေပါသဖြင့် မိုးတွင်းအခါ ရေမစီးဘဲ ရေများ သီရိမင်္ဂလာလမ်းမကြီးပေါ်သို့ ရောက်နေတတ်ပါသည်။

သို့ပါ၍ မိုးကာလတွင် သွားလာမှုအခက်အခဲမဖြစ်စေရန် ပိတ်ဆို့နေသော ရေမြောင်းများကို သက်ဆိုင်ရာက ကြိုတင်ပြုပြင် ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရွာမသား

ရေပုံမှန်ရရှိရေး ဆောင်ရွက်ပေးပါ

စာတည်းခင်ဗျား–

မြို့နယ်စည်ပင်သာယာ ရေသန့်ဌာနသို့ ရေခွန်ရေခ ပုံမှန်ပေးဆောင်၍ ရေသွယ်ထားသော်လည်း ယခုနှစ် မိုးရာသီမှစ၍ တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် သီလလမ်းအတွင်းပိုင်းနှင့် (၁၁/၁၂) လမ်းများမှာ ရေပိုက်မှ ရေမလာတော့ပါ။ သို့ပါ၍ ရပ်ကွက်နေပြည်သူများ ရေပုံမှန်ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာမှလိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရေအတွက် အခက်ကြုံနေရသူ

ထရန်စဖော်မာအနီးမှ ထင်းပုံကြီးဖယ်ရှားပေးပါ

စာတည်းခင်ဗျား–

သဃ်န်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက် ဦးတင်ဦးလမ်းနှင့် ငမိုးရိပ်(၃)လမ်းထိပ်ရှိ စံပြငမိုးရိပ်ဈေးခြံဝင်းနံဘေးမှ လျှပ်စစ်ထရန်စဖော်မာအနီးတွင် အမှိုက်များနှင့်အတူ ထင်းပုံကြီးတစ်ပုံရှိရာ နွေရာသီတွင် မီးဘေးအန္တရာယ်အတွက် စိုးရိမ်ရပါသည်။ သို့ပါ၍ အဆိုပါ ထင်းပုံကြီးအား သက်ဆိုင်ရာမှဖယ်ရှား ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်သူ

ပုဇွန်တောင်ပြည်တော်သစ်အိမ်ရာ အမှိုက်ပုံမှန်သိမ်းရေးဆောင်ရွက်ပြီး

၁၉–၁၂–၂၀၀၅ ရက်နေ့ မြန်မာ့အလင်းသတင်းစာပါ **"ပုဇွန်တောင်မြို့နယ် (၃)ရပ်ကွက်၊ ပြည်တော်သစ်အိမ်ရာစခန်းရှိ အမှိုက်ပုံမှန်မှန်သိမ်းစေချင်"** ခေါင်းစဉ်ပါပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးကြောင်း ဖော်ပြအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အက်ဖ်အေဖလားပြိုင်ပွဲ လီဗာပူးက မန်ယူကိုအနိုင်ရ

ဘာသာပြန်ဆိုသူ-မြင့်စိုး

လန်ဒန် ဖေဖော်ဝါရီ ၁၉

အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၈ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူး၊ နယူးကာဆယ်နှင့် ချာလ်တန်အသင်းတို့ အသီးသီးအနိုင်ရပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။

လီဗာပူးအသင်းနှင့် မန်ချက်စတာယူနိုက်တက်အသင်းတို့သည် အင်န်ဖီးလ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြရာ လီဗာပူးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ လီဗာပူးက မန်ယူအား အက်ဖ်အေဖလားပြိုင်ပွဲတွင် အနိုင်ရရှိခြင်းသည် ၈၅နှစ်အတွင်း ပထမဆုံး အနိုင်ရခြင်းဖြစ်သည်။

အက်အေဖလား။

ခေါင်းတိုက်သွင်းယူ

လီဗာပူးတိုက်စစ်မှူး ပီတာခရောင့်ဂျ်က ပွဲစပြီး ၁၉ မိနစ်အကြာတွင် စတီဗင်ဖင်နန် ဖြတ်တင်ပေးလိုက်သော ဘောလုံးကို ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ လီဗာပူးနည်းပြ ဘင်နီထက်ဇ်အတွက် ကွာတားဖိုင်နယ်တစ်နေရာကို ပေးလိုက်ခြင်းဖြစ်သည်။

ယင်းဂိုးကြောင့် လီဗာပူးက မန်ယူအား ဖိကစားလာပြီး ဟာရီကီးဝဲလ် ဒုတိယမြောက် လီဗာပူးအတွက် သွင်းယူရာတွင် မန်ယူဂိုးသမား ဗန်ဒါဆား အချိန်မီကာကွယ်လိုက်နိုင်သည်။

ပွဲချိန် ၇၆မိနစ်တွင် မန်ယူမှ စမစ် ခြေထောက်ဒဏ်ရာရမှုကြောင့် ဖလက်ချာ ၎င်းအစား ဝင်ကစားခဲ့သည်။ မန်ယူမှ ပြန်လည်တိုက်စစ်ဆင် ကစားလာပြန်ရာ လီဗာပူးဂိုးသမား ရက်ပီရိန်နာ အလူးအလဲ ကာကွယ်နေရသည်။

မန်ယူအသင်းခေါင်းဆောင် ဂယ်ရီနဗီးလ်သည်လည်း အိုးထရက်ဖ်ဖို့ဒ်တွင် လီဗာပူးအသင်းကို အောင်ပွဲခံခဲ့ပြီး ယခုပွဲ၌ ဂိုးမသွင်းနိုင်၍ အလျှော်ခံနေ ရသည်။ ၎င်းသည် ပွဲစပြီးသုံးမိနစ်အတွင်းမှာပင် ကီးဝဲလ်နှင့် ထိခိုက်ခံရ၍ အနာတရဖြစ်နေသည်။ လီဗာပူးအသင်းက ပထမအပိုင်း ၄၅မိနစ်တွင် မန်ယူ ကွင်းလယ်တစ်ဝက်ကို လွှမ်းမိုးထားသည်။ သို့ရာတွင် ဂိုးသွင်းခွင့်အခွင့်အလမ်း ဖန်တီးနိုင်မှု နည်းပါးနေသည်။

မန်ယူမှ ခရစ္စတီယာရိုနယာဒိုနှင့် နစ္စတယ်ရှိုင်းတို့သည် ပွဲပြီးခါနီးတွင် ခြေပဂိုးသွင်းနိုင်ရေး အကြိတ်အနယ် ကစားသွားကြသော်လည်း လီဗာပူးတို့က ခံစစ်ကိုအသုံးချ၍ ဂိုးမပေးရရေး ကာကွယ်သွားနိုင်ခဲ့သည်။

ပွဲပြီးခါနီးတွင် အနီရောင်လီဗာပူးပရိသတ်များ တစ်ကွင်းလုံးရဲရဲနီလျက် လီဗာပူးအသင်းကို သောသောညံ ဩဘာပေးကြပြီး ပြိုင်ပွဲမှာ ပြီးဆုံးသွားသည်။

ပွဲအပြီး လီဗာပူးမန်နေဂျာဆိုစကား

မိမိတို့သည် အနိုင်ပွဲနှင့်ထိုက်တန်ပါကြောင်း၊ တစ်ဂိုးသာလျှင်သွင်းနိုင်သော်လည်း ဂိုးသွင်းခွင့်များ ဖန်တီးနိုင်ခဲ့ကြောင်း၊ ပီတာခရော့ခ်အတွက် ဂုဏ်ယူပါကြောင်း၊ တိုက်စစ်မှူးများဟာ ဂိုးများများသွင်းဖို့လိုကြောင်း ပြောကြားသည်။

နယူးကာဆယ်နှင့် ဆောက်သမ်ပတန်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် နယူးကာဆယ်မှ ဒိုင်ယာ၏ ထိုးဖောက်မှုကိုတွေ့ရစဉ်။
(အင်တာနက် ဓာတ်ပုံ)

ထိုနေ့က နယူးကာဆယ်အသင်းနှင့် ဆောက်သမ်ပတန်အသင်းတို့လည်း ယှဉ်ပြိုင်ကစားခဲ့ရာ နယူးကာဆယ်က တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး အက်ဖ်အေဖလား ကွာတားဖိုင်နယ်နေရာ တစ်နေရာအတွက် ရရှိသွားသည်။

သွင်းယူ

နယူးကာဆယ် တိုက်စစ်မှူး ဒိုင်ယာက အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဒုတိယပိုင်းပြန်စပြီး မိနစ် ၂၀ အကြာတွင် ဇိုဘီယာ ထိုးပေးလိုက်သော ဘောလုံးမှတစ်ဆင့်သွင်းယူသွားခြင်းဖြစ်သည်။

လီဗာပူးတို့ တစ်ဂိုးသွင်းပြီး ၁၈မိနစ်နောက်ပိုင်းတွင် စတီဗင်ဂျရတ် အလွတ်တန်းကန်ဘော ကန်သွင်းရာ ကီးဝဲလ်ဒုတိယမြောက်ခေါင်းတိုက်ဂိုးသွင်း လိုက်စဉ် မန်ယူဂိုးသမား ဗန်ဒါဆားကာကွယ်နိုင်လိုက်သည်။

ဂိုးသွင်းရန်ကြိုးစား

လီဗာပူးဂိုးသမား ရိန်နာ ပထမပိုင်းတွင် စိုးရိမ်ဖွယ်ရာမရှိ ဂိုးများကိုဖမ်းနိုင်သော်လည်း ဒုတိယပိုင်းတွင် မန်ယူတိုက်စစ်မှူးများ၏ ကန်သွင်းချက်များကို ကာကွယ်နေရသည်။ လီဗာပူးအသင်းသည် ပထမပိုင်း ၃၄မိနစ်ကြာပြီးနောက် မန်ယူကို ဖိအားပေးလာပြန်သည်။ စတီဗင်ဂျရတ်၏ ဒုတိယမြောက် အလွတ်တန်းကန်ဘောမှ ဖင်နန် ဂိုးသွင်းရန်ကြိုးစားလာပြန်သည်။

မန်ယူမန်နေဂျာဖာဂူဆန်က ပွဲချိန် ၄၅မိနစ်တွင် တိုက်စစ်ကိုအားဖြည့်ရန် လူးဝစ်ဆာဟာအစား ဆေးဗက်စတားကို ပွဲထုတ်ကစားသည်။ ပွဲချိန် ၅၂မိနစ် နောက်ပိုင်းတွင် မန်ယူက ခြိမ်းခြောက်ကစားလာသည်။ နဗီးလ် ဖြတ်တင်လိုက်သော ဘောလုံးမှာ လီဗာပူးဂိုးသမား ရိန်နာနှင့် နောက်တန်းကစားသမား ဖင်နန်တို့ ပူးပေါင်းဖျက်ထုတ်လိုက်ရသည်။ စတီဗင်ဂျရတ်၏ ထောင့်ကန်ဘောမှ ကီးဝဲလ် ဂိုးသွင်းခွင့်ရသော်လည်း ဂိုးဝင်အောင် မသွင်းနိုင်ဘဲဖြစ်သွားရသည်။

အိမ်ရှင်နယူးကာဆယ်အသင်းသည် ပထမပိုင်းတွင် ဂိုးသွင်းခွင့်များရသော်လည်း အချည်းနှီးဖြစ်ခဲ့ရသည်။ နယူးကာဆယ်ကစားသမား အမ်မီဂိုဘီ သွင်းယူသည့်ဘောလုံး၊ ဘွမ်ဆောင်းတို့သွင်းသည့် ဂိုးများကို ဆောက်သမ်ပတန် ဂိုးသမားဘီရယ်ကိုစကီးက ကာကွယ်နိုင်ခဲ့သည်။

နစ်နာခဲ့ရ

ဆောက်သမ်ပတန်မှ ဂျုံးစ်နှစ်ကြိမ်ခန့်ဂိုးသွင်းခွင့်များ ဖန်တီးပေးသော်လည်း ပီတာမက်ဆင်သွင်းသော ဘောလုံးမှာ ဂိုးဘားတန်းကျော်တက်သွား၍ ဆောက်သမ်ပတန်တို့ နစ်နာခဲ့ရသည်။

နယူးကာဆယ်အသင်း အုပ်ချုပ်သူဂလင်းရိုဒါက အလန်ရှီးယား ဒဏ်ရာရနေ၍ ဒိုင်ယာအား ထည့်ကစားခဲ့သည်။ ရှီးယားမပါသော်လည်း ဒိုင်ယာက နယူးကာဆယ်အသင်းအတွက် သေချာပေါက်တစ်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

ထိုနေ့က ချာလ်တန်နှင့်ဘရန့်ဖို့ဒ် အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ချာလ်တန်က သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။ ဘော်လတန်နှင့် ဝက်စ်ဟမ်းတို့ ယှဉ်ပြိုင်ကစားရာတွင်မူ ဂိုးမရှိသရေကျခဲ့သည်။

(ကိုးကား-အင်တာနက်သတင်း)

ကမ္ဘာတစ်လွှား အားကစား

ဒိုင်းမွန်းစတား တင်းနစ်ပိုလ်လုပွဲ ကလိုက်စတားစ်နှင့် မော်ရက်စမို ဆုံကြမည်

အင်န့်ဝက်ပ်(ဘယ်လ်ဂျီယံ) ဖေဖော်ဝါရီ ၁၉

ဒိုင်းမွန်းဂိမ်း အမျိုးသမီးတင်းနစ်ပြိုင်ပွဲကို ဘယ်လ်ဂျီယံနိုင်ငံ အင်န့်ဝက်ပ်၌ ကျင်းပရာ ကမ္ဘာ့ထိပ်တန်း တင်းနစ်မယ် ဘယ်လ်ဂျီယံသူ ကင်မ်ကလိုက်စတားစ်က ရုရှားမှကမ္ဘာ့အဆင့်(၅)ရှိ အီလန်နာဒီမင်တီဗာအား နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ဗိုလ်လုပွဲတက်

ကမ္ဘာ့နံပါတ်(၁) အဆင့်ရှိ ကလိုက်စတားစ်သည် ဗိုလ်လုပွဲတွင် ပြင်သစ်မှ ကမ္ဘာ့အဆင့်(၂)ရှိ မော်ရက်စမိုနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မော်ရက်စမိုသည် နာဒီယာ ပီထရိုဗာအား ၆-၄၊ ၇-၅ ဖြင့် နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။

ကလိုက်စတားစ်သည် ဩစတေးလျအိုးလ်ပင်းတွင် ခြေချင်းဝတ်ဒဏ်ရာကြောင့် အနားယူခဲ့ရပြီး ယခုပွဲတွင် ပထမဆုံး စတင်ကစားခြင်းဖြစ်သည်။ သူမသည် အကောင်းဆုံး ကစားနိုင်သော်လည်း ရာနှုန်းပြည့် ဒဏ်ရာပြန်မကောင်းသေးဟု ဆိုသည်။ ကလိုက်စတားစ်နှင့် ဒီမင်တီဗာတို့သည် ၁၁ ပွဲ တွေ့ဆုံကစားခဲ့ရာတွင် ကလိုက်စတားက ကိုးပွဲ အနိုင်ရခဲ့သည်။

ဩစတေးလျအိုးလ်ပင်းချန်ပီယံ မော်ရက်စမိုသည် မကြာသေးမီက ပဲရစ်အိုးလ်ပင်းတွင် ဗိုလ်စွဲထားသူဖြစ်သည်။ ယခုနှစ်တွင် သူမအနေဖြင့် တတိယမြောက်ဖလားဆွတ်ခူးနိုင်ရန် ယခုပွဲတွင် ဗိုလ်လုပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။ ၎င်းသည် အဆိုပါဖလား၏ လက်ရှိချန်ပီယံလည်း ဖြစ်သည်။

မော်ရက်စမိုသည်ပဲရစ်အိုးလ်ပင်းဖလား ဗိုလ်စွဲပြီးနောက် ကလိုက်စတားစ် နောက်မှ(၄၃)မှတ်ဖြင့် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် လိုက်လာသည်။ ကလိုက်စတားစ်သည် အဆိုပါဖလား၏ ၂၀၀၄ခုနှစ်က ချန်ပီယံဖြစ်ခဲ့ဖူးသည်။ **(အင်တာနက်)**

ဘယ်လ်ဂျီယံမှ ကမ္ဘာ့အဆင့်(၁)ရှိ တင်းနစ်မယ် ကင်မ်ကလိုက်စတားစ်၏ ယှဉ်ပြိုင်ကစားဟန်။ (အင်တာနက် ဓာတ်ပုံ)

နစ်ဆန်းဖလား ဗိုလ်မစွဲနိုင်၍ တိုက်ဂါးဝုဒ် မပျော်နိုင်

တိုကျို ဖေဖော်ဝါရီ ၁၉

နစ်ဆန်းအိုပင်း ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တောင်အာဖရိကမှ ဆက်ဘတ်တင်နီသည် တတိယနေ့ပြိုင်ပွဲအပြီး စုစုပေါင်း ၁၄ချက်လျှော့ရိုက်ကာ ပြိုင်ဘက်များကို ဦးဆောင်နေသည်။

ကမ္ဘာ့နံပါတ်(၁) တိုက်ဂါးဝုဒ်သည် ယခုနှစ်တွင် သုံးလုံးမြောက်ဖလားကို ရယူရန်အတွက် ကြိုးစားလျက်ရှိရာ ဒုတိယနေ့ပြိုင်ပွဲအပြီး ဆက်ဘတ်တင်နီက ၎င်းထက်လျှော့ရိုက်နိုင်ခဲ့သည်။ ဆက်ဘတ်တင်နီဖလားဗိုလ်စွဲရန် နီးကပ်လာ၍ တိုက်ဂါးဝုဒ် မပျော်နိုင်ဖြစ်ခဲ့ရသည်။

လေးချက်အသာဖြင့်ဦးဆောင်

ဆက်ဘတ်တင်နီသည် အခြားသော ပြိုင်ဘက်များထက် လေးချက်အသာဖြင့် ဦးဆောင်နေသည်။ ၎င်းသည် ယခုပြိုင်ပွဲ ဗိုလ်စွဲပြီးပါက ယူအက်စ်တိုးထိပ်တန်းပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

နှစ်ကြိမ်တိုင်ဗိုလ်စွဲ

အဆိုပါ တောင်အာဖရိကနိုင်ငံသား ဂေါက်သီးကစားသမားသည် ယခုပြိုင်ပွဲမတိုင်မီက အမေရိကတွင် နှစ်ကြိမ်တိုင် ဗိုလ်စွဲခဲ့ဖူးသည်။

ထိုအတောအတွင်း တိုက်ဂါးဝုဒ်သည် ဆန်ဒီဂိုမြို့၌ ကျင်းပမည့် မက်ပလေးချန်ပီယံပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ ယင်းပွဲကို ဖေဖော်ဝါရီ ၂၂ရက်တွင် ဆန်ဒီဂိုမြို့၌ ကျင်းပမည်ဖြစ်သည်။ တိုက်ဂါးဝုဒ်သည် အဆိုပါပြိုင်ပွဲ ပထမပွဲစဉ်တွင် မြောက်အိုင်ယာလန်မှ ဂရမ်ဗီမက်ဒူးဝဲလ်နှင့် ယှဉ်ပြိုင်ကစားရန် စီစဉ်ထားကြောင်း သိရသည်။

(အင်တာနက်)

ကမ္ဘာ့နံပါတ်(၁) တိုက်ဂါးဝုဒ် စိတ်ပျက်နေဟန်။

ရေခဲပြင်စကိတ်စီး အလျားခုန်ပြိုင်ပွဲ အီမီလီဟူဂတ်စ်အနိုင်ရရှိ

တူရင်း ဖေဖော်ဝါရီ ၁၉

အီတလီနိုင်ငံ တူရင်းမြို့တွင် ကျင်းပလျက်ရှိသည့် ဆောင်းရာသီ အိုလံပစ်ပြိုင်ပွဲ၌ အမျိုးသမီးရေခဲပြင်စကိတ်စီး အလျားခုန်ပြိုင်ပွဲတွင် အမေရိကန်မှ အီမီလီဟူဂတ်စ် အနိုင်ရရှိခဲ့သည်။

အောင်မြင်မှုရရှိ

အသက်(၁၇)နှစ် အရွယ်ရှိ အီမီလီသည် ပထမပိုင်းပြိုင်ပွဲမစမီကာလ၌ ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့သဖြင့် လေ့ကျင့်ခန်းများ မှန်မှန်မပြုလုပ်နိုင်ဘဲ ဖြစ်ခဲ့ရသည်။ သို့သော် ပြိုင်ပွဲမကျင်းပမီ ရက်ပိုင်းအတွင်း သူမ ဒဏ်ရာမှာ ကောင်းမွန်လာခဲ့သဖြင့် ယခုကဲ့သို့ အောင်မြင်မှုရရှိခဲ့ခြင်း ဖြစ်သည်။

ဆက်လက်ယှဉ်ပြိုင်သွားမည်

ယခုကဲ့သို့ အောင်မြင်မှုရရှိခဲ့ပြီးနောက် ကမ္ဘာ့ချန်ပီယံပြိုင်ပွဲများနှင့် အငယ်တန်း ကမ္ဘာ့ပြိုင်ပွဲများ၌ ချန်ပီယံဆုများရရှိအောင် ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အီမီလီဟူဂတ်စ်သည် နိုင်ငံတကာအဆင့် ပြိုင်ပွဲများ၌ နှစ်ကြိမ်မြောက်ဆုရခြင်းဖြစ်ပြီး ငယ်စဉ်ကပင် လေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်ဟု သိရသည်။

(အင်တာနက်)

20-2 (13).p65 1 2/20/2006, 12:32 AM

ရန်ကုန်မြို့ ဆူးလေစေတီတော်မြတ်ကြီး ဘက်စုံမွမ်းမံပြန်လည်တည်ဆောက်ရေး၊ ထီးတော်ကြီး၊ ကိုယ်လုံးတော်ကြီးနှင့် အရံစေတီတော်များ ရွှေစင်၊ ရွှေပြားမျက်ပါး ရွှေသင်္ကန်းတော် ကပ်လှူရေးအတွက် အမှတ်(၄၅)၇လမ်း၊ လမ်းမတော်မြို့နယ်နေ ဦးစံအား ရည်စူး၍ ဒေါ်သန်းစိန် မိသားစုနှင့် ဒေါ်ဌေးဌေးအားရည်စူး၍ ဦးအောင်ဆု မိသားစုတို့က ကိုးလက်မပတ်လည် ရွှေစင် ရွှေပြား တစ်ကျပ်သားနှစ်ချပ်အတွက် အလှူငွေကျပ် ငါးသိန်းကို ဂေါပကအဖွဲ့ဝင် ဦးမျိုးခင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အမည်ပြောင်း

အဖ ဦးမြင့်သိန်း၏သား မောင်ကျော်တေဇာ ၉/ပဥလ (နိုင်) ၀၂၂၁၉၆အား မောင်အုပ်စည်း အောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်အုပ်စည်းအောင်။

အမည်ပြောင်း

ဦးအောင်မြင့်၏ သားဖြစ်သူ လှိုင်သာယာမြို့အလက(၄)အဋ္ဌမတန်း (A) မှ မောင်ဝဏ္ဏဖြိုးအား မောင်ရဲ လင်းထက်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ရဲလင်းထက်။



သတင်းအချက်အလက်နည်းပညာပြပွဲ

ဧရာဝတီတိုင်း ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှု Management Scientific & Information Technology Group ၏စီစဉ်မှုတို့ဖြင့် ပထမအကြိမ် ဧရာဝတီတိုင်း သတင်းအချက်အလက် နည်းပညာပြပွဲ (First ICT Exhibition Ayeyarwady)ကို ဖေဖော်ဝါရီ ၂၅ရက်မှ ဖေဖော်ဝါရီ၂၆ရက်အထိ ပုသိမ်မြို့ ဧရာရွှေဝါခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။

ပြပွဲတွင် Accel International Co., Ltd, Citicom Computer, Computopia Computer, Concordia International Co., Ltd, Golden Power Technology Co., Ltd, Lucky Bird Co., Ltd, Myanmar Unique Computer Ltd, Management Scientific & Information Computer Training Centre, Perfect Image Co., Ltd, Smart Computer Technology, Spring Technologies & System Co., Ltd တို့မှ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းမျိုးစုံတို့ကို လာရောက် ပြသကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူပျောက်ဆုံးခြင်း

ယာဉ်အမှတ် ထ/၇၉၄၃ယာဉ်လက်ဝယ် ရှိသူက ယာဉ်ပိုင်ရှင်အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ကြော်ငြာပါသည့်ရက်မှ၁၅ရက်အတွင်း ကညန၊ ခရိုင်ရုံး (မူဆယ်) သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊ခရိုင်ရုံး(မူဆယ်)။**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူကျောင်းသားများအတွက် စာမေးပွဲအထောက်အကူပြု ပင်ရင်းမြန်မာစာ သင်ခန်းစာများကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲ
ပင်ရင်းမြန်မာစာ သိမှတ်ဖွယ်ရာ

တက္ကသိုလ်ဝင်တန်းမှာ မြန်မာစာကို **မယူမနေရဘာသာရပ်** အဖြစ် ပြဋ္ဌာန်းထားပါတယ်။ အမျိုးသားစာပေဖြစ်တဲ့ မြန်မာစာကို သာမန်ရေးတတ်ဖတ်တတ်ရုံမျှသာမကဘဲ မြန်မာပြည်သူများအနေနဲ့ အခြေခံကျကျသိရှိခံစားတတ်ဖို့ လိုအပ်ပါတယ်။ တက္ကသိုလ်ဝင်တန်း မြန်မာစာပြဋ္ဌာန်းစာမှာ **ရှေးမြန်မာစာပေ ခေတ်မြန်မာစာပေ** နဲ့ **ဘာသာစကား**ဆိုင်ရာ သိအပ်တတ်အပ်ဖွယ်ရာတွေကို ရွေးချယ်ပြဋ္ဌာန်းထားပါတယ်။ တက္ကသိုလ်ကိုဝင်တော့မယ့် အရွယ်ရောက်နေပြီဖြစ်တဲ့ ကျောင်းသူ၊ ကျောင်းသားများအနေနဲ့ မြန်မာဘာသာစကားနဲ့ စာပေရဲ့ **အသိအလိမ္မာပညာ**နဲ့ **စာပေအရသာ**တွေကို ရရှိခံစားနိုင်စေမယ့် ပြဋ္ဌာန်းစာများဖြစ်ပါတယ်။

ဒီဆွေးနွေးတင်ပြချက်ကိုတော့ ဒီပြဋ္ဌာန်းစာတွေကို လေ့လာကျက်မှတ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသူ၊ ကျောင်းသားတွေကို အထောက်အကူပြုနိုင်ဖို့အတွက် ရည်ရွယ်ပြီးရေးခြင်းဖြစ်ပါတယ်။

စာမေးပွဲဖြေဆိုဖို့ အချိန်အတော်တောင်နီးကပ်လာပြီဖြစ်တဲ့အတွက် ကျောင်းသူ၊ ကျောင်းသားများအနေနဲ့ မေးခွန်းပုံစံတွေကို လေ့လာပြီး ကျေညက်နေကြပြီလို့ ယူဆပါတယ်။ မေးခွန်းတစ်ပုဒ်စီအတွက် သိအပ် မှတ်အပ် လိုက်နာအပ်တာတွေကို ရှင်းလင်းတင်ပြသွားပါမယ်။

မေးခွန်း(၁)က **မြန်မာသဒ္ဒါပြဋ္ဌာန်းစာ** အတွဲ(၂) အခန်း(၆)ကို အခြေခံထားတဲ့ မေးခွန်းဖြစ်တယ်။ (က) (ခ) (ဂ) ဆိုပြီး အပိုင်းသုံးခုခွဲပြီး မေးထားတယ်။ အပိုင်း(က)မှာ **မြန်မာစကားဆိုင်ရာ သိမှတ်ဖွယ်ရာများအခန်း**မှာပါတဲ့ အုတ်ခွက်စာ ကျောက်စာ စတဲ့ စာအမျိုးမျိုး၊ အက္ခရာပုံသဏ္ဌာန်ပြောင်းလဲပုံများ၊ ဌာန်၊ ကရိုဏ်း၊ ပယတ်၊ စကားသံဖြစ်အင်္ဂါများ၊ မြန်မာပါဠိဆင့်များ၊ ဝါစင်္ဂများ၊ ဝါကျအဓိပ္ပာယ်ဖွင့်ဆိုချက်များကို မေးပါတယ်။ အုတ်ခွက်စာ၊ နငယ်ပြောင်းလဲပုံစတာတွေကိုဖြေရင် ကျက်ထားသမျှကို အစီအစဉ်တကျ ရေးပြရပါမယ်။ နာမ်စားတို့ ကြိယာဝိသေသနတို့ကို ဖြေရင်တော့ နာမ်စားအဓိပ္ပာယ် ကြိယာဝိသေသနအဓိပ္ပာယ်တွေကို ဖွင့်ဆိုပြရပါမယ်။ နာမ်စားဘယ်နှစ်မျိုးရှိတယ် ကြိယာဝိသေသန ဘယ်နှစ်မျိုးရှိတယ်ဆိုတာတွေကိုလဲ ဖော်ပြရပါမယ်။ **သာဓက**တွေနဲ့ ဖြေဆိုရမှာလဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ လိုအပ်တဲ့နေရာတွေမှာ သာဓကဆောင်နိုင်အောင် သာဓကများကိုလဲ ကျက်မှတ်ထားရပါမယ်။ အဓိကကတော့ **မေးခွန်းနဲ့အညီ** ဖြေဆိုဖို့ပဲဖြစ်ပါတယ်။

အပိုင်း(ခ)ကတော့ **သဒ္ဒါလေ့ကျင့်ခန်း**ဆိုင်ရာ မေးခွန်းဖြစ်တယ်။ ဒီမေးခွန်းကို ဖြေဆိုနိုင်ဖို့ သဒ္ဒါစာအုပ်ထဲက လေ့ကျင့်ခန်းတွေကို အထပ်ထပ်အခါခါ လေ့ကျင့်ထားဖို့လိုအပ်ပါတယ်။ **"ရေအိုး"** ဆိုတဲ့ ပေါင်းစပ်နာမ်ရဲ့ အဓိပ္ပာယ်ဟာ ရေထည့်တဲ့အိုးဖြစ်တာကြောင့် **ရှေ့နာမ် "ရေ"**က **နောက်နာမ် "အိုး"**ကို **အထူးပြု**ကြောင်း ဖြေနိုင်ရပါမယ်။ ဒီလိုပဲ **"ကစား"** ဆိုတာ **ပင်ကိုကြိယာ**ဖြစ်ကြောင်း၊ **"မေတ္တာ"** ဆိုတာ **အနက်အဓိပ္ပာယ်အရ စိတ္တဇနာမ်**ဖြစ်ကြောင်း၊ **"စားစရာ"** ဆိုတာ **ဖွဲ့စည်းတည်ဆောက်ပုံအရ ကြိယာနာမ်**ဖြစ်ကြောင်း၊ **"အချို့"** ဆိုတာ **သချာနာမ်စား**ဖြစ်ကြောင်း၊ **"ဘယ်"** ဆိုတာ **အမေးနာမဝိသေသန**ဖြစ်ကြောင်း၊ **"မည်"** ဆိုတာ **အနာဂတ်ကာလပြ ကြိယာဝိဘတ်**ဖြစ်ကြောင်း စသည်ဖြင့် သဒ္ဒါသဘောတွေကို နားလည်သည်အထိ ဖြေဆိုလေ့ကျင့်ထားရမှာ ဖြစ်ပါတယ်။

အပိုင်း(ဂ)ကတော့ သဒ္ဒါကို အမှန်တကယ်နားလည်တတ်ကျွမ်းမှု ရှိ၊မရှိ **စမ်းသပ်တဲ့မေးခွန်း**ဖြစ်တယ်။ သဒ္ဒါအမျိုးအစားပေးထားပြီး **ကွက်လပ်ဖြည့်ခြင်း ဝါကျဖွဲ့ခြင်း**တွေကို မေးလေ့ရှိတယ်။ **"အလွတ်"** ဆိုတဲ့ ကြိယာဝိသေသနကို ဝါကျ၌သုံးပြပါဆိုရင် "မောင်မောင်သည် ကျောင်းစာများကို **အလွတ်**ဆိုနေသည်" လို့ ဝါကျဖွဲ့ပြပုံမျိုးဖြစ်တယ်။ သဒ္ဒါလေ့ကျင့်ခန်းတွေကို ကျေညက်နေရင် အပိုင်း(ခ)နဲ့ အပိုင်း(ဂ) မေးခွန်းတွေကို မှန်မှန်ကန်ကန် ဖြေဆိုနိုင်မှာဖြစ်ပါတယ်။

မေးခွန်း(၂)ကတော့ စကားပြေ၊ ကဗျာနဲ့ ပြဇာတ်ဆိုတဲ့ ပြဋ္ဌာန်းစာသုံးမျိုးထဲက **ဝေါဟာရ**တွေနဲ့ **အလင်္ကာတွေ**ကို ထုတ်နုတ်ပြီး မေးမြန်းတာဖြစ်တယ်။ ၂(က)မှာ **စာသုံးပေသုံး ရှေးသုံးဝေါဟာရ**တွေကို အဓိပ္ပာယ်ဖွင့်ခိုင်းတယ်။ ဒီမေးခွန်းအတွက် ပြဋ္ဌာန်းစာအုပ်တွေထဲက ခက်ဆစ်အဓိပ္ပာယ်တွေကို သေသေချာချာကျက်ထားရင် လုံလောက်ပါတယ်။ ပြဋ္ဌာန်းစာပါအတိုင်းဖွင့်ဖို့ အဓိပ္ပာယ်ဖွင့်ပုံ တိကျဖို့ ဝေါဟာရရဲ့ သဒ္ဒါအမျိုးအစားနဲ့ ကိုက်ညီတဲ့အဓိပ္ပာယ်ဖြစ်ဖို့ လိုအပ်ပါတယ်။ **"နိုင်ငံသော"** ဆိုရင် ပြဋ္ဌာန်းစာလာအတိုင်း **အခြားသူတို့ထက် သာလွန်သော၊ ပြည့်စုံသော**လို့ ဖွင့်ရပါမယ်။ နိုင်ငံဖြစ်သော–လို့ ဒီနေ့ခေတ်အဓိပ္ပာယ်ဖွင့်တာမျိုးတွေ၊ ကိုယ့်အဓိပ္ပာယ်နဲ့ကိုယ် ဖွင့်တာမျိုးတွေ မဖြစ်ရပါဘူး။ နာမဝိသေသနအနက်မဖွင့်ဘဲ ပြည့်စုံခြင်းလို့ ကြိယာနာမ်အနက် ဖွင့်လိုက်ရင်လည်း သဒ္ဒါအနက် လွဲသွားပါမယ်။

၂(ခ)မှာတော့ **ဒီနေ့ခေတ်သုံးဝေါဟာရ**တွေကို ဝါကျဖွဲ့ရမှာဖြစ်ပါတယ်။ ဒီနေရာမှာလဲ ပြဋ္ဌာန်းစာမှာသုံးထားတဲ့ အဓိပ္ပာယ်မျိုးပဲဖြစ်ရပါမယ်။ ဝေါဟာရရဲ့ အဓိပ္ပာယ်ပေါ်လွင်တဲ့ ဝါကျမျိုးလဲ ဖြစ်ရပါမယ်။ "မဏ္ဍပ်"ကို ဝါကျဖွဲ့ရင် "ရွာသားများသည် အလှူမင်္ဂလာပွဲကျင်းပရန် မဏ္ဍပ်ဆောက်နေကြသည်" ဆိုတဲ့ဝါကျမျိုး ဖြစ်ရပါမယ်။ "မဏ္ဍပ်သည် ပါဠိဘာသာမှရသော စကားလုံးဖြစ်သည်" လို့ဖွဲ့ရင် မဏ္ဍပ်ရဲ့ အဓိပ္ပာယ် မပေါ်လွင်တော့ပါဘူး။

၂(ဂ)ကတော့ **အလင်္ကာ**မေးခွန်းဖြစ်တယ်။ အလင်္ကာအမျိုးအမည်ကို မေးခွန်းထဲမှာ ဖော်ပြထားပါတယ်။ ဒီအလင်္ကာကို **ဘယ်ပြဋ္ဌာန်း**စာမှာ ဘာအကြောင်းနဲ့ **ဆက်စပ်**သုံးတယ်ဆိုတာရယ်နဲ့ ဘာကြောင့် **ဒီအလင်္ကာမြောက်** ရသလဲဆိုတာရယ်ကို ဖြေရပါမယ်။ **"လွတ်လပ်ရေးအောင်ပန်း"**ဆိုတဲ့ ရူပကအလင်္ကာကို ဖြေရင် ဒီအလင်္ကာဟာ ပြည်သူ့ညီလာခံစကားပြေထဲကဖြစ်ကြောင်း လွတ်လပ်ရေးကို အောင်မြင်စွာ ရယူနိုင်ရန် ကြိုးပမ်းမှုနဲ့ ဆက်စပ်ပြီးသုံးထားတဲ့ အလင်္ကာဖြစ်ကြောင်း ဖြေရပါမယ်။ လွတ်လပ်ရေး(အနှိုင်းခံ)နှင့် အောင်ပန်း(အနှိုင်း)ကို အောင်မြင်စွာ ကြိုးပမ်းရယူတဲ့ ဂုဏ်ရည်ချင်းတူတဲ့အတွက် ထပ်တူပြု ရေးဖွဲ့ထားတာကြောင့် ရူပကအလင်္ကာမြောက်ခြင်းဖြစ်ကြောင်း ရှင်းပြရပါမယ်။ ဒီနေရာမှာ ဘာကြောင့် အလင်္ကာမြောက်ရတယ်ဆိုတာဟာ အလင်္ကာရဲ့ ဆိုလိုရင်းပဲဖြစ်တယ်။ **ဆိုလိုရင်းနဲ့ စကားအဆက်အစပ်ဟာ ဆက်နွှယ်**နေတယ်။ ဆိုလိုရင်းကိုသိရင် အဆက်အစပ်ကို သိနိုင်ပါတယ်။ ဥပမာအလင်္ကာကိုဖြေရင် **အနှိုင်းခံနှင့် အနှိုင်းကို ဘယ်လိုခိုင်းနှိုင်း**ဖွဲ့ဆိုကြောင်း၊ ဝင်္ကဝုတ္တိအလင်္ကာကိုဖြေရင် **ဘယ်လိုတိုက်ရိုက်မရေးဘဲ သွယ်ဝိုက်ရေး**ထားကြောင်း၊ အတိသယဝုတ္တိအလင်္ကာကိုဖြေရင် ဘယ်လို **အလွန်အကြူး**ဆိုထားကြောင်း၊ မြည်သံစွဲအလင်္ကာကိုဖြေရင် ဘာ**မြည်သံကို ထည့်သွင်းဖွဲ့ဆို**ထားကြောင်း ဆိုတဲ့ သက်ဆိုင်ရာအလင်္ကာရဲ့ သတ်မှတ်အသုံးအနှုန်းတွေကို သုံးစွဲပြီး ရှင်းပြရမှာဖြစ်ပါတယ်။

မေးခွန်း(၃)ကတော့ **ကဗျာလက်ရွေးစင်**ထဲက ကဗျာဆိုင်ရာမေးခွန်းများဖြစ်တယ်။ အပိုင်း(က)မှာ **ဓမ္မဒိဋ္ဌာန်**မေးခွန်းတွေ မေးထားတယ်။ **ဓမ္မဒိဋ္ဌာန်**တွေအတွက် ကဗျာတစ်ပုဒ်ချင်းရဲ့ **မိတ်ဆက်**မှာပါတဲ့ **ကဗျာ စာဆို**အကြောင်း၊ **ကဗျာ**အကြောင်း၊ ကဗျာရေးတဲ့**ခေတ်၊ ကဗျာအမျိုးအစား၊** ထုတ်နုတ်တဲ့ **မူလကဗျာ**နဲ့ ကဗျာပါ**အချက်အလက်**တွေကို လေ့လာကျက်မှတ်ထားဖို့ လိုအပ်ပါတယ်။ စာဆိုတွေ၊ ခေတ်တွေ၊ ကဗျာတွေမှာ အပုဒ်ချင်း မရောသွားအောင်လည်း သေသေချာချာ မှတ်သားရပါမယ်။ ကဗျာမိတ်ဆက်မှာပါတဲ့ ကာချင်း၊ တျာချင်း၊ ရှစ်ဆယ်ပေါ် အဲ စတဲ့ ကဗျာအမျိုးအမည်တွေရဲ့ **အနက်အဓိပ္ပာယ်များ**ကအစ မှတ်သားထားဖို့ လိုအပ်ပါတယ်။ ဆောင်းပါးများကို ရေးခဲ့တဲ့အတွက်ကြောင့် **ဆောင်းပါးမောင်တိုး**လို့ ခေါ်ရကြောင်း၊ ရာမရကန်ရေးထားသောကြောင့် **ရာမရကန်ဦးတိုး**ဟု ကျော်ကြားကြောင်း စတာတွေကိုလည်း သိရှိမှတ်သား ထားရပါမယ်။

အပိုင်း(ခ)ကတော့ **ဆွေးနွေးရှင်းလင်း**ရတဲ့ ကဗျာမေးခွန်းဖြစ်တယ်။ ကဗျာတစ်ပုဒ်ချင်းရဲ့ **ရည်ရွယ်ချက်၊ အကြောင်းအရာ၊ အရေးအဖွဲ့**နဲ့ ရရှိတဲ့ **သုတရသ**တွေကို လေ့လာထားရပါမယ်။ အရေးအကြီးဆုံး အဓိကအချက်ကတော့ ဖြေဆိုရာမှာ မေးခွန်းနဲ့ ဘောင်ဝင်ဖို့ပဲဖြစ်တယ်။ ကဗျာပါအကြောင်းအရာကို တိုက်ရိုက်မေးတာလား၊ ကဗျာစာဆိုက ဘယ်လိုဖွဲ့ထားသလဲလို့ မေးတာလား၊ ဒီကဗျာနဲ့ပတ်သက်တဲ့ မိမိရဲ့ အတွေးအမြင်ခံစားချက်ကို မေးတာလားဆိုတာကို ကွဲကွဲပြားပြား သိဖို့လိုအပ်ပါတယ်။ "ဝိဇ္ဇာ၊ သိပ္ပ လူ့ကိစ္စမှ ပညာမဲ့သူ၏ဘဝ" ဆိုရင် ကဗျာပါအကြောင်းအရာကို **တိုက်ရိုက်** ဖြေရမှာဖြစ်ပါတယ်။ "ကောက်စိုက်သမလေးများ၏ ဘဝနှင့် စိတ်ထားကို မည်သို့ရေးဖွဲ့ထားသနည်း"ဆိုရင်တော့ **စာဆိုက ဘယ်လိုဖွဲ့ဆိုကြောင်း** ဖြေဖို့ဖြစ်ပါတယ်။ **"တောင်သူကြီးရုပ် ဒုံးချင်းမှ သုတရသများ"**ဆိုရင်တော့ တောင်သူကြီးရဲ့ ဘဝအကြောင်းကို မိမိ**ဘယ်လိုသိရကြောင်း**နဲ့ **ဘယ်လိုရသခံစား**ရကြောင်း ဖြေရပါမယ်။ သတိပြုရမယ့် နောက်အချက် တစ်ခုကတော့ ကဗျာမေးခွန်းကိုဖြေရင် သင့်လျော်ရာ **ကဗျာစာသားအကိုးအကား**များကို ထည့်သွင်း ဖြေဆိုဖို့ပဲဖြစ်ပါတယ်။

မေးခွန်း(၄)ကိုတော့ **စကားပြေလက်ရွေးစင်**ထဲက မေးပါတယ်။ အပိုင်း(က)က **ဓမ္မဒိဋ္ဌာန်** မေးခွန်းဖြစ်ပါတယ်။ ဒီနေရာမှာလည်း စကားပြေတစ်ပုဒ်ချင်းရဲ့ **မိတ်ဆက်**မှာပါတဲ့ **စာဆို**အကြောင်း၊ **စကားပြေ**အကြောင်း၊ အဲဒီစကားပြေရေးတဲ့ **ခေတ်**၊ ထုတ်နုတ်တဲ့စကားပြေ **ကျမ်း**နဲ့ စကားပြေဆိုင်ရာ **အချက်အလက်**တွေကို လေ့လာကျက်မှတ်ထားရပါမယ်။ သာဓကပြရမယ်ဆိုရင် "အိမ်ရှေ့ကိုယ်တော်ကြီး"ကို မဟာဆွေဟာ နေသူရိန်အမည်နဲ့ ရေးခဲ့ကြောင်း၊ "ငါမအိုသေး"ဟု ကြုံးဝါးသူမှာ အလောင်းစည်သူမင်းကြီးဖြစ်ကြောင်း၊ "စီးချင်းတိုက်ပွဲ" သည် ရာဇာဓိရာဇ်အရေးတော်ပုံမှ ကောက်နုတ်ချက်ဖြစ်ကြောင်း၊ "သောနုတ္တရမုဆိုးနှင့် ဆဒ္ဒန်ဆင်မင်း" သည် ကုန်းဘောင်ခေတ်ပေါ် စကားပြေဖြစ်ကြောင်း စတာတွေကို သိရှိထားဖို့ လိုအပ်ပါတယ်။ ဓမ္မဒိဋ္ဌာန်ဆိုတာ **အဖြေတိကျ**မှ အမှတ်ရတဲ့ မေးခွန်းမျိုးဖြစ်ပါတယ်။

အပိုင်း(ခ)ကတော့ **ဆွေးနွေးရှင်းလင်း**ရတဲ့ စကားပြေမေးခွန်းဖြစ်ပါတယ်။ စကားပြေတစ်ပုဒ်ချင်းရဲ့ **ရည်ရွယ်ချက်**၊ **အကြောင်းအရာ**၊ **အရေးအသား**နဲ့ **သုတရသသင်ခန်းစာ**တွေကို လေ့လာထားရပါမယ်။ "အားလပ်သောအချိန်ကလေးများမှ အချိန်၏ တန်ဖိုးကြီးမားပုံ"လို စကားပြေပါအကြောင်းအချက်များကိုပဲ ပြန်လည်တင်ပြရတဲ့ မေးခွန်းမျိုးလဲ ရှိတတ်ပါတယ်။ "မိဖုရားဖွားစောရဲ့ စိတ်နေသဘောထား"လို စကားပြေလာ အချက်အလက်များကို အခြေခံပြီး ဆွေးနွေးတင်ပြရတဲ့ မေးခွန်းမျိုးလဲ ရှိတတ်ပါတယ်။ ဂရုစိုက်ရမယ့် အချက်ကတော့ **မေးခွန်းနဲ့အံဝင်တဲ့အဖြေ** ဖြစ်ဖို့ပါပဲ။

မေးခွန်း(၅)က **ရေသည်ပြဇာတ်** မေးခွန်းဖြစ်ပါတယ်။ အပိုင်း(က)မှာ **စကားစပ်** မေးပါမယ်။ ပေးထားတဲ့ စာပိုဒ်ဟာ **ဘယ်အခန်း**က စကားဖြစ်တယ်။ **ဘယ်သူ**က **ဘယ်သူ့**ကို **ဘယ်အချိန် ဘယ်နေရာ**မှာ **ဘာအကြောင်းနဲ့စပ်**ပြီး ပြောတယ်ဆိုတာကို မမှားမယွင်းဘဲ ပြည့်ပြည့်စုံစုံရေးနိုင်ရပါမယ်။ ဒီမေးခွန်းကိုဖြေနိုင်ဖို့ ပြဇာတ်ကို ကျေညက်နေအောင် လေ့လာထားရပါမယ်။ အပိုင်း(ခ)မှာတော့ **ပြဇာတ်အကြောင်းအရာ**ကို မေးပါတယ်။ အကြောင်းအရာပိုင်းမှာ **ရေသည်ယောကျ်ား**၊ **ရေသည်မိန်းမ**၊ **ဥဒယမင်းကြီး** ဒီဇာတ်ဆောင်သုံးယောက်ရဲ့ အဖြစ်အပျက်နဲ့ စိတ်နေသဘောထားတွေကို ကိုယ့်စကားနဲ့ကိုယ်ပြန်ရေးတတ်ဖို့ လေ့ကျင့်ထားရပါမယ်။ မေးခွန်းနဲ့ ကိုက်ညီအောင် မေးသလောက်ပဲ ဖြေဖို့တော့ လိုအပ်ပါတယ်။

မေးခွန်း(၆)ကတော့ **စာစီစာကုံး**ဖြစ်တယ်။ စာစီစာကုံးခေါင်းစဉ် **(၃)ခု** ပေးထားပြီး တစ်ခုကိုပဲ ရွေးဖြေရမှာဖြစ်တယ်။ ခေါင်းစဉ် (၃)ခုလုံးမှာ **ပုံကြမ်း**အချက်အလက်တွေ ပေးထားပါတယ်။ ပုံကြမ်းအချက်အလက်တွေကို **အခြေခံပြီး** စာစီစာကုံးရေးရပါမယ်။ မိမိရဲ့ အသက်အရွယ် အတွေ့အကြုံ၊ အဖတ် အမှတ် အလေ့ အလာအရ မိမိမှာရှိထားတဲ့ ဗဟုသုတတွေ အတွေးအမြင်တွေကို ထည့်ရေးနိုင်ပါတယ်။ သတိပြုဖို့က **ခေါင်းစဉ်နဲ့ ဆီလျော်**ဖို့ပဲဖြစ်ပါတယ်။ ပြီးတော့ **အချက်အလက်တွေ ပြည့်သိပ်မနေ**ဖို့လဲ အရေးကြီးပါတယ်။ စာစီစာကုံးအတွက် ကြိုတင်ရေးထားစရာ၊ ကျက်ထားစရာ၊ ကိုယ်မနိုင်တဲ့ အချက်အလက်တွေ တပုံတပင်ကြီး ရှာထားစရာမလိုပါဘူး။ ပုံကြမ်းအချက်အလက်ရယ်၊ ခေါင်းစဉ်နဲ့ဆီလျော်တဲ့ ကိုယ်ပိုင်အချက်အလက်တွေရယ်ကို အသုံးပြုပြီး **ရှင်းရှင်းလင်းလင်း ပြေပြေပြစ်ပြစ်ရေးနိုင်**ဖို့ပဲ လိုပါတယ်။ နိဒါန်း၊ စာကိုယ်၊ နိဂုံးတွေ **အချိတ်အဆက်မိ**ဖို့ လိုပါတယ်။ **ခေါင်းစဉ်နဲ့ ဘောင်ဝင်**တယ်၊ **ပုံကြမ်းကိုအသုံးပြု**တယ်၊ စာစီစာကုံးနဲ့ **ဆီလျော်တဲ့အတွေးအခေါ် အတင်အပြ**မျိုးဖြစ်တယ်။ **အရေးအသား ချောမွေ့ပြေပြစ်**တယ်ဆိုရင် အမှတ်ကောင်းကောင်းရမှာဖြစ်ပါတယ်။ **ပုံကြမ်းအတိုင်း လိုက်ရေးရင်ပဲ အောင်မှတ်ရနိုင်တဲ့ စာစီစာကုံးတစ်ပုဒ်ဖြစ်နိုင်**ပါတယ်။ စာစီစာကုံးကောင်းရေးနိုင်ဖို့အတွက်ကတော့ ကြိုတင်လေ့ကျင့်ရေးသားခြင်းပဲ ဖြစ်ပါတယ်။

ပင်ရင်းမြန်မာစာ ဘာသာရပ်နဲ့ပတ်သက်ပြီး သိမှတ်ဖွယ်ရာတွေကို ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ခု ဆွေးနွေးတင်ပြခဲ့တဲ့အချက်များဟာ မြန်မာစာကို ဆည်းပူးလေ့လာဖြေဆိုရာမှာ ကောင်းစွာအထောက်အကူပြုလိမ့်မယ်လို့ မျှော်လင့်ယုံကြည်မိပါတယ်။ ပင်ရင်းမြန်မာစာ ဘာသာရပ်ကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာနဲ့ ကောင်းစွာဖြေဆိုနိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။ ။

ရွှေကျင်မြို့နယ် ရာပြည့်ဓမ္မဗိမာန်တော်တည်ဆောက်ရေး အလှူငွေပေးအပ်

ရွှေကျင် ဖေဖော်ဝါရီ ၁၂

ပဲခူးခရိုင် ရွှေကျင်မြို့နယ်လုံးဆိုင်ရာ ရွှေကျင်နိကာယ-တောရရွှေကျင်ဂိုဏ်း ဗုဒ္ဓသာသန ဆင်ရုံတောရတိုက် ဝိနည်းစာတော်ပြန်ဆိုင်ရာ ဗဟိုဌာန၏ နှစ် (၁၀၀)ပြည့် အထိမ်းအမှတ် ရာပြည့်ဓမ္မဗိမာန်တော် တည်ဆောက်ရေးအတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက်က အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ပန်းငွေရုံတောရ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမနာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက လှူဒါန်းငွေများပေးအပ်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးထွေးမြင့်က လက်ခံရယူသည်။ **(ယာပုံ)**



လက်ခံယူ

ထို့နောက် ပြွန်တံဆာမြို့ ဇမ္ဗူအေးတောရ အင်းဝိုင်းဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိဇယနှင့် ဆရာတော် သံဃာတော်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများမှ လှူဒါန်းငွေကျပ် ၇၂၄၄၂၀၀ကို ဦးအောင်ချင်းက ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူသည်။

လှူဒါန်းမည်

ရာပြည့်ဓမ္မဗိမာန်တော်ကြီးကို ရွှေကျင်နိကာယတောရ ရွှေကျင်ဂိုဏ်း ဗုဒ္ဓသာသန ဆင်ရုံတောရတိုက် ဝိနည်းစာတော်ပြန်ရာ ဗဟိုဌာန နှစ်(၁၀၀)ပြည့်မည့် ၁၃၆၉ခုနှစ် မတိုင်မီ အပြီးတည်ဆောက် လှူဒါန်းမည်ဖြစ်သည်။ ပါဝင်လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့်ဇမ္ဗူအေးတောရ၊အင်းဝိုင်းဆရာတော် ပြွန်တံဆာမြို့၊ ရွှေကျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဖုန်း-၀၅၂-၄၂၀၀၁၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖုန်း-၀၅၂- ၄၂၀၀၈နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဖုန်း-၀၅၂-၄၂၀၃၅တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဂွမြို့နယ်တွင် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး ဒီဇယ်အစားထိုးကြက်ဆူဆီအသုံးပြုပုံသရုပ်ပြ

သံတွဲ ဖေဖော်ဝါရီ ၈

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲနှင့် ဒီဇယ်အစားထိုးကြက်ဆူဆီအသုံးပြုပုံ သရုပ်ပြပွဲအခမ်းအနားကို ဖေဖော်ဝါရီ၄ရက် နံနက်၉နာရီက ဂွမြို့ သစ်တောဦးစီးဌာန ပျိုးဥယျာဉ်တွင် ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့်က ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး ဂွမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဝင်းက ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရန် စီစဉ်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ သံတွဲခရိုင်စိုက်ပျိုးရေး မန်နေဂျာ ဦးကျော်ခင်က ကြက်ဆူပင်အကြောင်း သိကောင်းစရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဝင်းနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ခြံစည်းရိုးကြက်ဆူစေ့နှစ်သောင်းနှင့် ပျိုးကိုင်းတစ်သောင်း စုစုပေါင်း ၃၀၀၀၀တို့ကို သစ်တောဦးစီးဌာန ပျိုးဥယျာဉ်အတွင်း ပျိုးထောင်စိုက်ပျိုးကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

စေတုတ္တရာမြို့၌ လက်နှိပ်ရေတုံကင်ဖွင့်

စေတုတ္တရာ ဖေဖော်ဝါရီ ၁၀

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် စေတုတ္တရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော လုံးပေါကျေးရွာတွင် တစ်လက်မခွဲ လက်နှိပ်ရေတုံကင်ရေတွင်းကို ဖေဖော်ဝါရီ ၆ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂)ဦးသန်းလှအောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမိုးဇော်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ပိန်းဇလုပ်ရွာမ-ကင်ညင်ကျိုလမ်းမပေါ်ရှိ တံတားအမှတ်(၃) ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၁၃ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်နုက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာ တိုက် ၁၀ အခန်း(အေ)နေ ဦးအောင်ငြိမ်း-ဒေါ်စန်းစန်းလွင်၊ သား ဗိုလ်ကြီးဖြိုးဇော်ငြိမ်း၊ ကိုရဲသွေးနောင်၊ မောင်ဝေမျိုးကျော် မိသားစုတို့က ဆွမ်းပဒေသာပင် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

မကွေးမြို့နယ် ကန်ပြားအနောက်ကျေးရွာတွင် အလှူရှင်စက်ရေတွင်း တူးဖော်မှုကို ဇန်နဝါရီ ၃၀ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်ဝင်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးထွန်းနိုင်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (ခရိုင် ပြန်/ဆက်)

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြု အုတ်တွင်းမြို့ ဝဲဒေါင့်-ရွှေလောင်းကျေးလက်ကျောက်ချောလမ်းဖွင့်

အုတ်တွင်း ဖေဖော်ဝါရီ ၁၄

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း အုတ်တွင်းမြို့နယ် ဝဲဒေါင့်-ရွှေလောင်း ကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၉ရက် နံနက်၉နာရီက ဝဲဒေါင့်ကျေးရွာအနီး အဆိုပါလမ်းတွင် ကျင်းပရာ ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးသန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများ တက်ရောက်ကြသည်။

အထိမ်းအမှတ်အလံပေးအပ်

အခမ်းအနားတွင် အုတ်တွင်းမြို့နယ် အမှုဆောင်အရာရှိ ဦးတင်ရှိန်က ကျောက်ချောလမ်းနှင့် ပတ်သက်သော အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ဝဲဒေါင့်ကျေးရွာ အုပ်စုဥက္ကဋ္ဌ ဦးဝင်းမောင်က ကျေးဇူးတင်စကား ပြောကြားကာ အထိမ်းအမှတ်အလံများကို အမှုဆောင်အရာရှိနှင့် လက်ထောက်အင်ဂျင်နီယာ ဦးရဲလွင်တို့က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် မြို့နယ် ဥက္ကဋ္ဌတို့သို့ ပေးအပ်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ဝဲဒေါင့်-ရွှေလောင်း ကျေးလက် ကျောက်ချောလမ်းကို မြို့နယ်ဥက္ကဋ္ဌဦးမျိုးသန်း၊ အမှုဆောင်အရာရှိ ဦးတင်ရှိန်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးဝင်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)** အဆိုပါ ကျောက်ချောလမ်းမှာ ၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာရေးနှစ်ထိ အရှည်ပေ ၄၂၃၀ကို ကုန်ကျငွေကျပ် ၈၂သိန်းဖြင့် ဆောင်ရွက်ခဲ့ပြီး ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ပေ ၂၀၇၀ကို ကုန်ကျငွေကျပ် ၄၈သိန်းတို့ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၃၁၆)**

မြန်မာ့အသံ

၂၁-၂-၂၀၀၆
(အင်္ဂါနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အာဋ္ဌာနာဋိယသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး အစီအစဉ် (စုပါကောင်းနို့နှင့် နို့ထွက်ပစ္စည်းလုပ်ငန်း)
၁၁း၃၀ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (မြန်မာအမည် ထင်ပေါ်ခြင်း-မောင်ဆုရှင်)
၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး (ဘာအတွက်လဲ၊ ဘာအဓိကလဲ-နံ့သာမြေ-မောင်ပြေသင်း)
၁၂း၂၀ ဇာတ်လမ်းပမာနားဆင်စရာ (ခံ့ထည်သော ဆွဲငင်အားကို မေ့နိုင်စွမ်းရှိပါစေရှင်)
၁၂း၄၅ ကဏ္ဍစုံစွာ ဆွေးနွေးစရာ (ရွှေတောင်ဦး တိပိဋက ဓမ္မပါလ မဟာဝိဟာရအကြောင်းဆွေးနွေးခန်း)
၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (ဘီအီးဒီ-ဒုတိယနှစ်-ပညာရေးစီမံခန့်ခွဲမှု)

ညနေပိုင်း

၁၆း၁၅ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာအစီအစဉ် (စိတ်ကြိုက်မြန်မာစာ)
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၃၀ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (ကျန်းမာစေဖို့ လိုက်နာကျင့်သုံးရမည့် နည်းလမ်းများ)
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (လတပို့တွဲ ထမနဲ အမြဲစည်းလုံးမည်)
၁၉း၁၅ ကျန်းမာရေးနှင့် ဆေးပညာ (ဆားလျှော့စားပါ)
၂၀း၃၀ ကလေးများ၏ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ညှော်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဥက္ကဋ္ဌ မစ္စတာ ဝူဘန်ကိုအား ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ ညှော်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (အောက်ပုံ) (သတင်းစဉ်)

ဂါရဝပြု တွေ့ဆုံနှုတ်ဆက်

ဖေဖော်ဝါရီ ၁၅ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်တောင်အား ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ **Fujian** ခန်းမ၌ ဂါရဝပြု တွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တည်ဆောက်ပြီး နိုင်ငံတော်တည်ငြိမ်ရေး ဆောင်ရွက်နိုင်ခဲ့ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်ရေး မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ဆောင်ရွက်နေ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း

တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် အမျိုးသားဂုဏ်သိက္ခာကို တန်ဖိုးထားနှလုံးရည်ပြည့်စုံသော မြန်မာပြည်သူများ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးကို အကောင်အထည်ဖော်နိုင်မည် ယုံကြည်

တရုတ်နိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဥက္ကဋ္ဌ မစ္စတာ ဝူဘန်ကို

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဥက္ကဋ္ဌ မစ္စတာ ဝူဘန်ကိုအား ဖေဖော်ဝါရီ ၁၅ ရက် ညနေ ၅ နာရီတွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ ညှော်ခန်းမသို့ သွားရောက်၍ တွေ့ဆုံနှုတ်ဆက်သည်။

စာမျက်နှာ ၉ ကော်လံ ၁ ✡



တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိကောင်းစရာများ နေ့စဉ်ဖော်ပြမည်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့တို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် စာမေးပွဲ အထောက်အကူပြု သိကောင်းစရာများကို ဖေဖော်ဝါရီ ၂၀ ရက် (ယနေ့)မှစ၍ နေ့စဉ်ဖော်ပြသွားမည်ဖြစ်ပါသည်။

၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိကောင်းစရာများ နေ့စဉ်ဖော်ပြမည့်အစီအစဉ်

စဉ်	ဘာသာရပ်	ဖော်ပြမည့်နေ့
၁။	ပင်ရင်းမြန်မာစာဘာသာရပ်	၂၀-၂-၂၀၀၆
၂။	စိတ်ကြိုက်မြန်မာစာဘာသာရပ်	၂၁-၂-၂၀၀၆
၃။	အင်္ဂလိပ်စာဘာသာရပ်	၂၂-၂-၂၀၀၆
၄။	သင်္ချာဘာသာရပ်	၂၃-၂-၂၀၀၆
၅။	ဓာတုဗေဒဘာသာရပ်	၂၄-၂-၂၀၀၆
၆။	ရူပဗေဒဘာသာရပ်	၂၅-၂-၂၀၀၆
၇။	ဇီဝဗေဒဘာသာရပ်	၂၆-၂-၂၀၀၆
၈။	သမိုင်းဘာသာရပ်	၂၇-၂-၂၀၀၆
၉။	ပထဝီဝင်ဘာသာရပ်	၂၈-၂-၂၀၀၆
၁၀။	ဘောဂဗေဒဘာသာရပ်	၁-၃-၂၀၀၆

20-2 (20).p65 1 2/20/2006, 12:32 AM